# ပင်တာကျူ

## သင်ခန်းစာ ငါး

## မှန်ကန်သောဦးတည်ရာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

စာပေဖွဲ့စည်းပုံ ........ 2

လွတ်မြောက်မှုကိုဆောင်သော ရေလွှမ်းမိုးမှု ........ 2

ကနဦးပဋိညာဉ် ........ 2

တည်မြဲသောပဋိညာဉ် ........ 3

ရေဘေးမှလွတ်မြောက်ခြင်း ........ 4

ခြောက်သွေ့သောမြေသို့ ထွက်ခွာခြင်း ........ 4

ဘုရားသခင်၏အောက်မေ့ခြင်း ........ 4

အသစ်သောအစီအစဉ် ........ 5

နောဧ၏သားများ ........ 5

ဗာဗုလုန်ရဲတိုက်အားဖျက်ဆီးခြင်း ........ 7

မူလအဓိပ္ပါယ် ........ 8

လွတ်မြောက်မှုကိုဆောင်သော ရေလွှမ်းမိုးမှု ........ 8

ဆက်သွယ်မှုများ ........ 9

ဂယက်ရိုက်ခတ်မှုများ ........ 11

နောဧ၏သားများ ........ 11

ခါနန် ........ 11

ပဋိပက္ခ ........ 12

ဂယက်ရိုက်ခတ်မှုများ ........ 13

ဗာဗုလုန်ရဲတိုက်အားဖျက်ဆီးခြင်း ........ 14

မြို့ ........ 14

အောင်မြင်ခြင်း ........ 15

ဂယက်ရိုက်ခတ်မှုများ ........ 17

ခေတ်သစ်ကျင့်သုံးမှု ........ 18

နိုင်ငံတော်စတင်ခြင်း ........ 19

ပဋိညာဉ် ........ 19

အောင်မြင်ခြင်း ........ 20

ဆက်လက်တည်မြဲခြင်း ........ 21

ဗတ္တိဇံ ........ 21

ဝိညာဉ်ရေးရာစစ်ပွဲ ........ 22




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

**ပြီးပြည့်စုံခြင်း ......................................................................................................23**
နောက်ဆုံးကပ်ဆိုးကြီး......................................................................................................23
နောက်ဆုံးတိုက်ပွဲ ..........................................................................................................25
**နိဂုံး ......................................................................................................................26**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ယူကရိန်းတွင် စာသင်ပေးခဲ့သည့်အချိန်ကို ပြန်သတိရမိပါသည်၊ ကျွန်ုပ်သွားလိုရာကိုရောက်ရန် မြေအောက်ရထားဖြင့် မိနစ်အနည်းငယ်သာ အချိန်ပေးရသည်။ ဘူတာရုံကို အပြေးအလွှားသွားကာ၊ လှေကားမှပြေးဆင်းပြီး ရထားတံခါးများပိတ်နေချိန်၌ ခုန်တက်ခဲ့သည်။ မြို့အနှံ့ စီးနင်းရမည်ဖြစ်သောကြောင့် အသက်ရှူရန်ပြန်ထိုင်ကာ မိနစ်အနည်းငယ် အနားယူလိုက်သည်။ ခဏအကြာတွင် ရုတ်တရက် ကျွန်တော်အံ့သြခဲ့ရသည်။ ရထားမှားပြီး စီးခဲ့မိပြီ။ ယခုအခါ ပုံမှန်အတိုင်းဆိုပါက၊ နောက်ထပ် မြေအောက်ရထားဘူတာရုံသည် မိုင်ပေါင်းများစွာ ဝေးကွာပြီး၊ ထိုနေရာကိုရောက်ရန် အချိန်များစွာ ယူရမည်ဖြစ်သည်။ ကျွန်တော် နောက်ကြောင်းပြန်လှည့်စီးလိုက်သည့်အချိန်တွင် အလွန်နောက်ကျမည် မှာသေချာသွားပါပြီ။ “ဤအခြေအနေသည် မျှော်လင့်ထားသည့်အရာမဟုတ်၊ သို့သော် ယခုဦးတည်ရာကို ရောက်နေပြီ” ဟု ကိုယ့်ကိုယ်ကို ပြန်တွေးနေမိသည်။

ဘဝ၏နယ်ပယ်အများစုတွင် ၎င်းသည် ဖြစ်နေသည်ဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်တို့၏အခြေအနေများသည် မည်သည့်အခါမှ ပြီးပြည့်စုံခြင်းမရှိပါ၊ အချိန်အများစုသည် နီးစပ်မှုပင်မရှိပါ။ ကျွန်ုပ်တို့ သွားရာနေရာတိုင်းတွင် ပြဿနာများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရသည်။ သို့တိုင်၊ မှားသောလမ်းတွင် သွားနေခြင်းထက် မှန်ကန်သောဦးတည်ချက်၌သွားခြင်းသည် အနည်းဆုံးတော့ သာ၍ကောင်းသည်ကို ကျွန်ုပ်တို့အားလုံးသိပါသည်။

ကျွန်ုပ်တို့သည် ဤသင်ခန်းစာကို “မှန်ကန်သောလမ်းညွှန်ချက်” ဟုခေါင်းစဉ်တပ်ထားပြီး၊ နောဧလက်ထက်ကြီးစွာသောရေလွှမ်းမိုးမှုအပြီးတွင် ဘုရားသခင်သည် သူ၏လူများလိုက်နာရန်ချမှတ်ထားသည့်လမ်းညွှန်ချက်ကို တွေ့ရှိနိုင်သည့် ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ ကိုလေ့လာပါမည်။ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ရှေးဦးခေတ်သမိုင်း၏ ဤအခန်းများတွင် မောရှေသည် ဣသရေလလူတို့အား လိုက်လျောညီထွေဖြစ်စေရန် ရှင်းလင်းသောလမ်းညွှန်ချက်ကို ပေးခဲ့သည်။ သူတို့၏လိုချင်မှုအားလုံးမဟုတ်သော်လည်း၊ ၎င်းသည် ကြီးကျယ်သောကောင်းချီးများထံ သူတို့ကိုခေါ်ဆောင်လာရန် ဘုရားသခင်သတ်မှတ်ထားသည်။ ထို့အပြင် ရှေးခေတ်သမိုင်း၏ဤအပိုင်းသည် ခရစ်ယာန်များအတွက်လည်း အလွန်အရေးကြီးသည်၊ ကျွန်ုပ်တို့လည်း ဤတူညီသောလမ်းညွှန်ချက်ကို လိုက်နာသင့်သောကြောင့် ဖြစ်သည်။

ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ ကိုလေ့လာမှုတွင် အပိုင်းသုံးပိုင်းခွဲပါမည်_ ဦးစွာ၊ ဤအခန်းကြီးများ၏ စာပေဖွဲ့စည်းပုံကို ဆန်းစစ်ပါမည်။ ဒုတိယ၊ မောရှေသည် ဣသရေလလူမျိုးအတွက် ဤအကြောင်းအရာကို အဘယ်ကြောင့် ရေးသားခဲ့သည်ကို ပိုင်းခြားခြင်းဖြင့် ၎င်းတို့၏မူလအဓိပ္ပာယ်ကို လေ့လာပါမည်။ တတိယ၊ ဤအခန်းများကို ကျွန်ုပ်တို့၏အသက်တာတွင် လက်တွေ့ကျင့်သုံးရန် လမ်းညွှန်ချက်အတွက် ဓမ္မသစ်ကျမ်းကို ကြည့်ရှုပါမည်။ ဤအခန်းများ၏ စာပေဖွဲ့စည်းပုံကို လေ့လာခြင်းဖြင့် မှန်ကန်သောလမ်းညွှန်ချက်ကို စတင်လေ့လာကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# စာပေဖွဲ့စည်းပုံ

ကမ္ဘာဦး ၆:၉–၁၁:၉ သည် ရှေးဦးခေတ်သမိုင်း၏ ကြီးမားသောအစိတ်အပိုင်းဖြစ်ပြီး၊ ၎င်းကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ဤအခန်းများကို အဓိကအပိုင်းနှစ်ပိုင်း ပိုင်းဖြတ်ထားပါသည်။ ပထမအပိုင်းသည် ၆:၉–၉:၁၇ ဖြစ်ပြီး၊ ၎င်းကို "ရေလွှမ်းမိုးခြင်းမှလွတ်မြောက်ခြင်း" ဟုခေါင်းစဉ်တပ်ထားသည်။ ကမ္ဘာဦးကျမ်း၏ဤအပိုင်းတွင် မောရှေသည် နောဧခေတ်၏ရေလွှမ်းမိုးမှုကို ဖော်ပြခဲ့သည်။ ဤအကြောင်းအရာ၏ဒုတိယအပိုင်းသည် ကမ္ဘာဦး ၉:၁၈–၁၁:၉ ဖြစ်ပြီး၊ "အသစ်သောအစီအစဉ်" ဟူသော ခေါင်းစဉ်ပေးထားသည်။ ၎င်းသည် ရေလွှမ်းမိုးပြီးနောက်တွင်ဖြစ်ပျက်ခဲ့သော အရေးကြီးသောဖြစ်ရပ်များစွာကိုဖော်ပြထားပြီး၊ ကမ္ဘာကြီးအား တည်တံ့သောအသွင်အပြင်ပုံစံများကို သတ်မှတ်သည်။ ဤအခန်းများ၏စာပေပုံစံကို ပိုမိုနားလည်သဘောပေါက်ရန်၊ ဤအဓိကအပိုင်းနှစ်ခုလုံးကို လေ့လာပါမည်။ နောဧခေတ် ရေလွှမ်းမိုးမှုအကြောင်း မောရှေရေးခဲ့သော ဇာတ်လမ်း၏ဖွဲ့စည်းပုံကို ဦးစွာကြည့်ကြပါစို့။

## လွတ်မြောက်မှုကိုဆောင်သော ရေလွှမ်းမိုးမှု

မကြာသေးမီနှစ်များအတွင်း နောဧ၏ရေလွှမ်းမိုးခြင်းဆိုင်ရာ ဇာတ်လမ်းသည် အလွန်ရှင်းလင်းပြတ်သားသော စာပေပုံစံကိုဖော်ပြကြောင်း အနက်ပြန်သူများသတိပြုမိခဲ့ကြသည်။ ဤပုံစံကို နည်းလမ်းများစွာဖြင့် ဖော်ပြနိုင်သော်လည်း၊ ဤလေ့လာမှုတွင် ဤအခန်းများသည် အချိုးကျသော အဆင့်ငါးဆင့်ပါရှိသည့်ဇာတ်လမ်းအဖြစ် မည်သို့ဖွဲ့စည်းထားပုံကို ဖော်ပြပါမည်။

### ကနဦးပဋိညာဉ်

ဤဇာတ်ကြောင်း၏ပထမအဆင့်ကို ကမ္ဘာဦး ၆:၉-၂၂ တွင်တွေ့ရပြီး၊ ၎င်းကို နောဧနှင့် "ကနဦးဘုရားသခင့်ပဋိညာဉ်" ဟုခေါ်ဆိုပါမည်။ ဇာတ်ကြောင်း၏ဤအပိုင်းတွင်၊ နှစ်သက်ဖွယ်မရှိသောကမ္ဘာတွင်နေသည့် ဖြောင့်မတ်သူတစ်ဦးဖြစ်ကြောင်း မောရှေမှတ်သားခဲ့သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကိုဖျက်ဆီးရန် အဘယ်ကြောင့် စီစဉ်ထားသည်ကို နောဧအားမိန့်ကြားကာ ဖော်ပြခဲ့သည်။ ကမ္ဘာဦး ၆:၁၃ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်–

> ထိုအခါ ဘုရားသခင်သည်၊ နောဧအား မိန့်တော်မူသည်ကား၊
> သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့်
> မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့် တကွ
> သူတို့ကို ငါဖျက်ဆီးမည် (ကမ္ဘာဦး ၆:၁၃)။

သို့တိုင်၊ ဤဇာတ်ကြောင်း၏ပထမခြေလှမ်းသည် ဘုရားသခင်သည် လူတစ်ဦးဖြစ်သည့် ဖြောင့်မတ်သောသူနောဧ၊ သူ၏မိသားစုကိုကယ်တင်ခြင်းဖြင့် တစ်ဖန်ပြန်လည်စတင်ရန်စီစဉ်

ထားကြောင်းလည်း ကျွန်ုပ်တို့အားပြောပြသည်။ သူ၏ရည်ရွယ်ချက်ကို နောအေနေဖြင့်သေချာစေရန်၊ ဘုရားသခင်သည် နောနှင့် ကနဦးပဋိညာဉ်ပြုခဲ့သည်။ ကမ္ဘာဦးကျမ်း ၆:၁၇-၁၈ တွင်၊ ဘုရားသခင်သည် နောအား ဤစကားများမိန့်တော်မူသည်ကို တွေ့ရသည်_

> မြေပေါ်မှာရှိသမျှတို့သည် သေရကြမည်။ သင်၌မူကား ငါ့ပဋိညာဉ်ကို ငါတည်စေမည်။ သင်သည် သားမယား၊ ချွေးမများနှင့်တကွ သင်္ဘောထဲသို့ဝင်ရမည် (ကမ္ဘာဦးကျမ်း ၆း၁၇-၁၈)။

ရေလွှမ်းမိုးခြင်းဇာတ်လမ်း၏အစတွင်၊ ဘုရားသခင်သည် နောနှင့် သူ၏မိသားစုကို ရောက်လာမည့်ရေလွှမ်းမိုးခြင်းဘေးမှ ကယ်တင်မည်ဟု ပဋိညာဉ်ပြုခဲ့သည်။ ဤပဋိညာဉ်သည် နော၏လွတ်မြောက်မှုကို လုံခြုံစေပြီး၊ ရေလွှမ်းမိုးပြီးနောက် လူသားမျိုးနွယ်အသစ်၏ဦးခေါင်းအဖြစ် ခန့်အပ်ခဲ့သည်။

နောနှင့်ဘုရားသခင်၏ကနဦးပဋိညာဉ်ကိုအာရုံစိုက်ခြင်းဖြင့် ရေလွှမ်းမိုးမှုဇာတ်လမ်းအစပြုပုံကို ယခုကျွန်ုပ်တို့တွေ့မြင်ရပြီးနောက်၊ ဇာတ်လမ်း၏နောက်ဆုံးအပိုင်းဖြစ်သည့် ပထမအပိုင်း ၈:၂၀–၉:၁၇ နှင့်ညီမျှသော "နောနှင့်တည်မြဲသောဘုရားသခင့်ပဋိညာဉ်" ကို လေ့လာသင့်သည်။

## တည်မြဲသောပဋိညာဉ်

ကျွန်ုပ်တို့၏ခေါင်းစဉ်အကြံပြုထားသည့်အတိုင်း၊ ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် ရေလွှမ်းမိုးပြီးနောက် နောနှင့်နောက်ထပ်ပဋိညာဉ်ဖွဲ့ခဲ့သည်။ ဘုရားသခင်သည် လူသားများကို ကမ္ဘာပေါ်တွင် အသစ်သောအစီအစဉ်တစ်ခုအတွက် အခွင့်အရေးပေးမည်ဟု ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာဦးကျမ်း ၈း၂၂ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ_

> မြေကြီးမကုန်မီတိုင်အောင် မျိုးစေ့ကြဲရသော ကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသော ကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ မပြတ်ရဟု အမိန့်တော်ရှိ၏ (ကမ္ဘာဦးကျမ်း ၈း၂၂)။

ဤအစီအစဉ်သစ်၏သေချာမှုကို တည်ဆောက်ရန်၊ ဘုရားသခင်သည် ကမ္ဘာဦး ၉:၁၁-၁၅ တွင် ရေလွှမ်းမိုးခြင်းဇာတ်လမ်းအဆုံးတွင် နောနှင့် ဒုတိယပဋိညာဉ်တစ်ခုကိုပြုခဲ့သည်။

> သင်တို့နှင့် ငါပြုသော ပိဋိညာဉ်ဟူမူကား၊ ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ။...ငါ၏သက်တံ့ကို မိုឃ်းတိမ်၌ငါထား၏။ ထိုသက်တံ့သည် မြေကြီးနှင့် ငါပြုသောပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။ ငါသည် မိုឃ်းကိုအုံ့စေသောအခါ၊ မိုឃ်းတိမ်၌ သက်တံ့သည်ထင်ရှားလိမ့်မည်။ ထိုအခါငါတဘက်၊ သင်တို့မှစ၍၊ အသက်ရှင် သောသတ္တဝါ၊ တိရစ္ဆာန်ရှိသမျှတို့ တဘက်၌ရှိသော၊ ငါ၏ပဋိညာဉ်ကိုငါ အောက်မေ့သဖြင့် ခပ်သိမ်းသောသတ္တဝါ တို့ကိုဖျက်ဆီးခြင်းငှါ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ (ကမ္ဘာဦး ၉:၁၁-၁၅)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် ရေလွှမ်းမိုးခြင်းသည် ကမ္ဘာမြေကြီးကို နောက်တစ်ကြိမ်ဖျက်ဆီးမည်မဟုတ်ကြောင်း နောဧ၏ရေလွှမ်းမိုးခြင်းဇာတ်လမ်းသည်ပဋိညာဉ်ကတိတော်နှင့်အဆုံးသတ်ကာ၊ ဘုရားသခင်သည် ဤကတိကိုမည်သည့်အခါမှ မေ့မည်မဟုတ်ကြောင်း သေချာသောနိမိတ်လက္ခဏာအဖြစ် သူ၏လေးကို တိမ်များပေါ်တွင်တင်ထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ဤပဋိညာဉ်ကတိတော်၏နိဂုံးချုပ်သည် ရှေးဦးခေတ်သမိုင်းတွင် နောဧတွင်ရှိသောကြီးမားသောအရေးကြီးမှုကို ထောက်ပြသည်။ သူသည် နောင်လာမည့် မျိုးဆက်များအားလုံးအတွက်ပေးမည့် ပဋိညာဉ်၏ဖျန်ဖြေသူဖြစ်သည်။

ဤဇာတ်လမ်း၏ အဖွင့်နှင့်အပိတ်အပိုင်းများကို စိတ်ထဲတွင်ထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ရေလွှမ်းမိုးမှုဇာတ်ကြောင်း၏ အတွင်းပိုင်းလုပ်ဆောင်မှုများကို ဖော်ထုတ်ရန် အနေအထားတွင် ရှိနေပါသည်။ အလယ်အပိုင်းသည် ဘုရားသခင်၏ကနဦးပဋိညာဉ်မှ အဓိကအဆင့်သုံးဆင့်ဖြင့် နောက်ဆုံးပဋိညာဉ်၏ အသစ်သောအစီအစဉ်သို့ ပြောင်းသွားခဲ့သည်။

## ရေဘေးမှလွတ်မြောက်ခြင်း

ဤဇာတ်ကြောင်း၏ဒုတိယအဆင့်ကို ၇:၁-၁၆ တွင်ဖော်ပြထားပြီး၊ နောဧ၏ "ရေဘေးမှလွတ်မြောက်ခြင်း" ဟုအမည်ပေးထားသည်။ ဤအကြောင်းအရာသည် ရိုးရှင်းပါသည်။ နောဧသည် သင်္ဘောကိုဆောက်လုပ်ပြီး တိရစ္ဆာန်မျိုးစုံကို သင်္ဘောထဲသို့ သွင်းခဲ့သည်၊ ရေလွှမ်းမိုးမှုသည် ကမ္ဘာသို့ စတင်ဝင်ရောက်လာသော်လည်း၊ နောဧ၊ သူ့မိသားစုနှင့် သူခေါ်စုထားသောတိရစ္ဆာန်များသည် သင်္ဘောထဲတွင် ဘေးကင်းလုံခြုံခဲ့သည်။

## ခြောက်သွေ့သောမြေသို့ ထွက်ခွာခြင်း

နောဧ၏ရေလွှမ်းမိုးခြင်းဇာတ်လမ်း၏ စတုတ္ထအပိုင်းသည် ဒုတိယအဆင့်သို့ သိသာထင်ရှားသည့် အပြန်အလှန်အမြင်တစ်ခု ပုံဆောင်သည်။ ကမ္ဘာဦး ၈:၆-၁၉ တွင် သွေ့ခြောက်သောမြေသို့ နောဧထွက်ခွာကြောင်းဖော်ပြသည်။ ရေလွှမ်းမိုးမှု စတင်ကျဆင်းလာပြီးနောက်၊ နောဧသည် သင်္ဘောမှထွက်ခွာနိုင်ရန် ခြောက်သွေ့သောမြေကို တောင့်တခဲ့သည်။ အချိန်အတော်ကြာစောင့်ဆိုင်းပြီးနောက်၊ ခြောက်သွေ့သောမြေများပေါ်လာပြီး ဘုရားသခင်သည် နောဧအား သင်္ဘောထဲသို့ဝင်ရန် ယခင်အမိန့်ပေးခဲ့သည့်အတိုင်း၊ သင်္ဘောအား ထားခဲ့ရန် အမိန့်ပေးခဲ့သည်။

## ဘုရားသခင်၏အောက်မေ့ခြင်း

ယခု ကျွန်ုပ်တို့သည် "ဘုရားသခင်၏အောက်မေ့ခြင်း" ဟူ၍ ခေါင်းစဉ်တပ်ထားသောနောဧ၏ ကမ္ဘာဦး ၇:၁၇–၈:၅ ဖြစ်သည့် ဤဇာတ်ကြောင်း၏ဗဟို သို့မဟုတ် အချိုးအကွေ့ကို ကြည့်ရန် အနေအထားတွင်ရှိနေပါသည်။ ဤအခန်းငယ်များသည် ပြင်းထန်သည့်ရေလွှမ်းမိုးခြင်းနှင့် မြေကြီးပေါ် ရှိ သက်ရှိတိုင်းကို ဖျက်ဆီးခြင်းအကြောင်း ဖော်ပြချက်ဖြင့် အစပြုပါသည်။ သို့သော် ဤအပိုင်း၏အဆုံးတွင်၊ ရေလွှမ်းမိုးခြင်းသည် ငြိမ်သက်စပြုနေပြီဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘောဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုဤအပိုင်း၏အဓိကအချက်မှာ ဘုရားသခင်သည် ပြင်းထန်သည့်ရေလွှမ်းမိုးခြင်းကို အဘယ်ကြောင့် စတင်ငြိမ်သက်စေခဲ့ကြောင်းကိုညွှန်ပြသည့် ရိုးရှင်းသော်လည်း လေးနက်သောဝါကျဖြစ်သည်။ ကမ္ဘာဦးကျမ်း ၈:၁ တွင် မောရှေသည် မုန်တိုင်းအလယ်မှအကြောင်းကို ဤသို့ရေးခဲ့သည်–

> ဘုရားသခင်သည်၊ နောဧမှစ၍ အသက်ရှင် သမျှသောသတ္တဝါ၊ နောဧနှင့်အတူ သင်္ဘောထဲ၌ရှိသော တိရစ္ဆာန်အပေါင်းတို့ကို အောက်မေ့၍၊ မြေကြီးပေါ်မှာ လေ့လာစေတော်မူသဖြင့် ရေငြိမ်လေ၏ (ကမ္ဘာဦးကျမ်း ၈:၁)။

ကြီးစွာသောကရုဏာဖြင့်၊ ဘုရားသခင်သည် နောဧနှင့် သူနှင့်စပ်ဆိုင်၍ဖွဲ့ခဲ့သော ပဋိညာဉ်ကို မေ့လျော့တော်မမူပါ။ သင်္ဘောထဲမှခရီးသည်တို့ကို ကိုယ်တော်သည်အောက်မေ့၍၊ ပြင်းထန်သည့် ရေလွှမ်းမိုးခြင်းကို ဆီးတားတော်မူခဲ့သည်။

နောဧ၏ရေလွှမ်းမိုးခြင်းဆိုင်ရာ ဤအကျဉ်းချုပ်သည် ဇာတ်လမ်း၏အဓိကအကြောင်းအရာကို ထင်ရှားစေသည်။ မောရှေသည် ရေလွှမ်းမိုးခြင်းအကြောင်းကို ကယ်တင်ခြင်းအကြောင်းအဖြစ် ရေးခဲ့သည်။ မြေကြီးပေါ် ရှိဆိုးညစ်သောသူတို့အပေါ် တရားစီရင်ခြင်းကျရောက်သော်လည်း၊ မောရှေ၏ အဓိကအကြောင်းအရာမှာ ဘုရားသခင်သည်နောဧအားဖြင့် လူသားများကို ကြီးမားသောကောင်းချီး များရှိရာကမ္ဘာကြီးဆီသို့ ပို့ဆောင်ပေးကြောင်း ပြသရန်ဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ ၏ ပထမအပိုင်းအား လေ့လာပြီးဖြစ်၍၊ ကမ္ဘာဦး ၉:၁၈–၁၁:၉ တွင် ဒုတိယအဓိကအပိုင်းဖြစ်သော အသစ်သောအစီအစဉ်ကို ကြည့်သင့်ပါသည်။

# အသစ်သောအစီအစဉ်

အခန်းကြီး ၉–၁၁ ပါ အသစ်သောအစီအစဉ်အကြောင်း မောရှေ၏မှတ်တမ်းကို အခြေခံစံနှုန်း နှစ်ခုအဖြစ် ပိုင်းခြားထားသည်။ တစ်ဖက်တွင်၊ ကမ္ဘာဦး ၉:၁၈–၁၀:၃၂ သည် နောဧ၏သားများနှင့် ပတ်သက်၍ အာရုံစိုက်သည်။ တစ်ဖက်တွင်၊ ကမ္ဘာဦး ၁၁:၁-၉ သည် ဗာဗုလုန်ရဲတိုက်ဖျက်ဆီးခြင်း အကြောင်းဖြစ်သည်။ ဤကျမ်းပိုဒ်များသည် အစပိုင်းတွင် ဆက်စပ်မှုမရှိဟုထင်ရသော်လည်း၊ ကမ္ဘာကြီး ၏အသစ်သောအစီအစဉ်အတွက် စံနမူနာတစ်ခုဖန်တီးရန် ၎င်းတို့သည် အမှန်တကယ် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြသည်ကို တွေ့ရသည်။ ၎င်းတို့သည် ထိုအချိန်မှစ၍ ကမ္ဘာ့သမိုင်း၏ ဗဟိုလက္ခဏာ ရပ်များကို ဖော်ပြခဲ့သည်။ နောသားတို့၏မှတ်တမ်းနှင့် အသစ်စီစဉ်ထားသောကမ္ဘာ၏ပုံစံအတွက် ပံ့ပိုး ကူညီမှုကို ဦးစွာကြည့်ကြပါစို့။

## နောဧ၏သားများ

ကမ္ဘာဦးကျမ်း အခန်းကြီး ၉–၁၀ တွင် နောဧ၏သားတော်များအကြောင်း မောရှေ၏မှတ်တမ်း တွင် အကြောင်းအရာတစ်ခုနှင့် အဓိကအပိုင်းနှစ်ပိုင်းပါဝင်သည်။ ၉:၁၈-၁၉ တွင် ကမ္ဘာဦးကျမ်း၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအပိုင်းတွင် နောဧ၏သားသုံးယောက်နှင့် ၎င်းတို့ကို မြေကြီးပေါ်တွင် မည်သို့ခွဲဝေပေးထားကြောင်း ဖော်ပြသည့် အကြောင်းအရာတစ်ခုကို တွေ့ရှိရသည်။

ဤအကြောင်းအရာနှင့်အညီ၊ နောဧ၏သားများအကြောင်း မောရှေ၏မှတ်တမ်းကို အဓိကအပိုင်း နှစ်ပိုင်းခွဲထားသည်။ ပထမတွင်၊ ၉း၂၀-၂၉ တွင်တွေ့ရသောဇာတ်လမ်းသည် သားတို့ကြား၌ကွဲပြားမှုကို ပေါ်လွင်စေသည်။ ဒုတိယနေရာတွင်၊ ၁၀:၁-၃၂ တွင် နောဧ၏သားများနှင့် ၎င်းတို့၏သားမြေးများကို ပေးဝေခြင်းအကြောင်း ဖော်ပြသည်။ ၎င်းသည် ဤကဏ္ဍများကို သီးခြားစီလေ့လာလျှင် အထောက်အကူ ဖြစ်ပါလိမ့်မည်။

အခန်း ၉း၂၀-၂၉ သည် ဟာမ၏သားခါနာန်အပေါ် ကျိန်သည့် ကမ္ဘာဦးကျမ်းတွင် လူသိများသော ကျမ်းပိုဒ်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၉း၂၄-၂၇ တွင် မောရှေရေးထားသည်ကို နားထောင်ပါ–

> နောသေည် ယစ်မူခြင်းပျောက်၍ နိုးသောအခါ၊ မိမိ၌သားငယ်ပြုသည်ကိုသိလျှင်၊ ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ။...တဖန်ရှေမ၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။...ဘုရားသခင်သည် ယာဖက်ကို ကျယ်စေတော်မူသဖြင့်၊ (ကမ္ဘာဦးကျမ်း ၉း၂၄-၂၇)။

ရိုးရှင်းစွာပြောရလျှင်၊ ဤဇာတ်ကြောင်းသည် နောဧ၏သားစဉ်မြေးဆက်များအကြား ကြီးမား သောကွဲပြားမှုကို ဖြစ်စေသည့် အဖြစ်အပျက်များကို တင်ပြပါသည်။ နောသေည် ဟာမ၏သားခါနာန်ကို ကျိန်ခဲ့သည်။ ခါနာန်သည် သူ၏အစ်ကိုများအတွက် အနိမ့်ဆုံးကျွန်ဖြစ်လိမ့်မည်။ သို့တိုင်၊ နောသေည် သူ၏အခြားသားများဖြစ်သော ရှေမနှင့်ယာဖက်တို့အား သူ့အားလေးစားစွာပြုမူလုပ်ဆောင်ခြင်းကြောင့် ကောင်းချီးပေးခဲ့သည်။

လူသားမျိုးနွယ်တစ်ခုလုံးသည် နောဧ၏သားသုံးယောက်မှ ဆင်းသက်လာသောကြောင့် ရေလွှမ်း မိုးပြီးနောက် အသစ်သောအစီအစဉ်နှင့်ပတ်သက်သောဖော်ပြချက်တွင် မောရှေသည် ဤဇာတ်လမ်းကို ထည့်သွင်းခဲ့သည်။ ဤနေရာတွင်တွေ့ရသော ခြားနားချက်များသည် သမ္မာကျမ်းစာသမိုင်းတွင် လူသား ဆက်ဆံရေးဆိုင်ရာ လှုပ်ရှားမှုအား စတင်ဖြစ်ပေါ်လာစေသည်။

နောဧ၏သားများကြား ကွဲပြားမှုများနှင့်ပတ်သက်၍ ဤအမြင်ရှုထောင့်ကို အခန်း ၁၀ ရှိ နောဧ၏ သားများကို ခွဲဝေပေးခြင်းဖြင့် အတည်ပြုထားသည်။ ကမ္ဘာဦးကျမ်း ၁၀ တွင်တွေ့ရသော နောဧခေတ် ကာလနောက်မှ မျိုးဆက်များကိုကြည့်ပါက၊ မောရှေသည် ဟာမ၊ ရှေမနှင့် ယာဖတ်တို့၏ သားစဉ်မြေး ဆက်များ ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခဲ့သည့် နယ်မြေစာရင်းကို ဖော်ပြထားသည်။ ကမ္ဘာဦးကျမ်း ၁၀ အရ ယာဖက်၏သားစဉ်မြေးဆက်တို့သည် ခါနန်ပြည်၏မြောက်ဘက်၊ အရှေ့မြောက်နှင့် အနောက်မြောက် ဘက်ရှိ နယ်မြေများကို သိမ်းပိုက်ခဲ့သည်။ ခြွင်းချက်အနည်းငယ်ဖြင့်၊ ဟာမ၏သားစဉ်မြေးဆက်တို့သည် အာဖရိကမြောက်ပိုင်းသို့ ပြောင်းရွှေ့သွားပြီး၊ ခါနာန်အမည်ရ ဟာမ၏ အထူးသားတော်သည် ဣသရေလ ၏ကတိတော်ပြည်ဖြစ်သော ခါနာန်ပြည်တွင် နေထိုင်သည်။ ရှေမ၏သားစဉ်မြေးဆက်များသည် အာရေဗျကျွန်းဆွယ်၏ နယ်မြေများကို ကျယ်ပြန့်စွာသိမ်းပိုက်ထားကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာဦးကျမ်း ၁၀ ၏မှတ်တမ်းသည် ရွှေ့ပြောင်းနေထိုင်ခြင်း၏ ယေဘုယျပုံစံများကို ဖော်ပြရန်အတွက်သာ အထူးရွေးချယ်ကာ ပုံစံပြုထားသည်။ သို့သော် ဤယေဘုယျပုံစံများသည် ရေလွှမ်းမိုးပြီးနောက် အသစ်သောအစီအစဉ်တွင် လူသားအချင်းချင်းအပြန်အလှန်ဆက်ဆံမှုကို ထင်ရှားစေသည့် ရေရှည်ပုံစံအချို့ကိုသရုပ်ပြရန် မောရှေအတွက် လုံလောက်ပါသည်။

ကမ္ဘာဦးကျမ်း ၉–၁၀ တွင်တွေ့ရသော မောရှေ၏စာပေဖွဲ့စည်းပုံဆိုင်ရာ အာရုံစိုက်မှုကို တွေ့မြင်ရပြီး၊ ရေလွှမ်းမိုးပြီးနောက် အသစ်သောအစီအစဉ်၏ဒုတိယအပိုင်းဖြစ်သော ၁၁း ၁-၉ ၏ ဗာဗုလုန်ရဲတိုက်အားဖျက်ဆီးခြင်းအကြောင်းကိုလေ့လာရန် အနေအထားတွင် ကျွန်ုပ်တို့ ယခုရှိနေပါသည်။

## ဗာဗုလုန်ရဲတိုက်အားဖျက်ဆီးခြင်း

ဗာဗုလုန်ရဲတိုက်၏ဇာတ်လမ်းသည် အချိုးကျသော သိသာထင်ရှားသည့် အဆင့်ငါးဆင့်ဖြင့် ပိုင်းခြားထားသည်။ အခန်းငယ် ၁ နှင့် ၂ ၏ပထမအဆင့်သည် လူသားအများစုနှင့်အတူ စတင်သည်။ သို့သော် ဆန့်ကျင်ဘက်အားဖြင့်၊ ဤဇာတ်ကြောင်းသည် အခန်းငယ် ၈ နှင့် ၉ တွင်အဆုံးသတ်ကာ၊ ဘုရားသခင်သည် ဘာသာစကားကို ရှုပ်ထွေးစေခြင်းဖြင့် ကမ္ဘာမြေကြီးပေါ်တွင် လူသားများကို ပြန့်နှံ့စေကြောင်း ကျွန်ုပ်တို့သိရှိရသည်။ လူသားမျိုးနွယ်သည် ဘာသာစကားတစ်ခုတည်းရှိနေရာမှ၊ ဘာသာစကားများစွာနှင့် အရပ်ဒေသအများသို့ပြန့်နှံ့ခြင်း မည်သို့ဖြစ်ခဲ့သနည်း။ အလယ်အပိုင်းသည် ဖြစ်ပျက်ခဲ့သည်တို့ကို ရှင်းပြသည်။

အခန်းငယ် ၃ နှင့် ၄ ၏ဒုတိယအဆင့်သည် လူတို့ပြုလုပ်သောအစီအစဉ်ကို တင်ပြသည်။ သူတို့သည်ကောင်းကင်သို့တက်လှမ်းနိုင်သော ရဲတိုက်ကြီးတစ်ခုနှင့် မြို့ကိုတည်ဆောက်ရန် ရည်မှန်းထားကြသည်။ သို့မှသာသူတို့သည် အချိန်တိုင်းတွင်ကျော်ကြားပြီး ရန်သူများလုံးဝအနိုင်ယူမည်မဟုတ်။ မည်သို့ပင်ဆိုစေကာမူ၊ အခန်းငယ် ၆ နှင့် ၇ ရှိဤဇာတ်ကြောင်း၏ စတုတ္ထအဆင့်သည် ဘုရားသခင်၏ တန်ပြန်အစီအစဉ်ကို ဖော်ပြခြင်းဖြင့် ဤလူ့အစီအစဉ်ကို ဟန်ချက်ညီစေသည်။ ဘုရားသခင်သည် သူ၏ကောင်းကင်ဗိုလ်ခြေအား ဆင့်ခေါ် ခဲ့ပြီး လူတို့၏ဘာသာစကားကို ရှုပ်ထွေးစေခြင်းဖြင့် မြို့ကိုတိုက်ခိုက်ခဲ့ကာ၊ ထိုနည်းအားဖြင့် မြို့နှင့်၎င်း၏ရဲတိုက်တည်ဆောက်မှုကို ရပ်တန့်စေခဲ့သည်။

ဘုရားသခင်သည် မြို့နှင့် ၎င်း၏ရဲတိုက်ကို စုံစမ်းစစ်ဆေးခဲ့သည့်အပိုဒ်ငယ် ၅ တွင်ဤဇာတ်လမ်း၏အချိုးအကွေ့ကို တွေ့ရသည်။ မြို့နှင့်မြို့သူမြို့သားတို့၏ မာနကြီးသောအကြံအစည်များကို ဘုရားသခင်မြင်သည်နှင့် ဗာဗုလုန်မြို့ကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မောရှေ၏အဆိုအရ၊ ရေလွှမ်းမိုးပြီးနောက်အသက်တာသည် ကျွန်ုပ်တို့မျှော်လင့်ထားသည့်ပရဒိသုနှင့်ဝေးကွာသည်ကို မြင်ရသည်။ ဆန့်ကျင်ဘက်အနေနှင့်၊ အသစ်သောအစီအစဉ်တွင် မတူညီသောလူသားအုပ်စုများ၌ ရှုပ်ထွေးသောအပြန်အလှန်ဆက်ဆံမှုများပါဝင်ကြောင်း နောဧ၏သားများ၏မှတ်တမ်းသည် ဖော်ပြသည်။ ၎င်းတွင် ဘုရားသခင်ကို ပိုမိုအံတုငြင်းဆန်ခြင်းအပြင် ကိုယ်တော်အားဆန့်ကျင်သူများကို ဘုရားသခင်သည် နောက်ဆုံးတွင်အနိုင်ယူခြင်းလည်း ပါဝင်သည်။ အသစ်သောအစီအစဉ်၏ဤဖွဲ့စည်းပုံများသည် ကျွန်ုပ်တို့၏ခေတ်သစ်နားများအတွက် ထူးဆန်းပုံရသော်လည်း၊ ဤ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခန်းကြီးများကို မောရှေဦးစွာရေးသားခဲ့သော ဣသရေလလူမျိုး၏အတွေ့အကြုံများနှင့်ပတ်သက်၍ ၎င်းတို့သည် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါလိမ့်မည်။

ယခု ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ ၏စာပေဖွဲ့စည်းပုံကို တွေ့မြင်ရပြီးနောက်၊ ဒုတိယ မေးခွန်းကို မေးရန်အနေအထားတွင် ရှိနေသည်_ မောရှေသည် ရေလွှမ်းမိုးခြင်းဆိုင်ရာ ဤအသစ်သော အစီအစဉ်မှတ်တမ်းကို အဘယ်ကြောင့် ရေးခဲ့သနည်း။ ဣသရေလလူတို့သည် ကတိတော်ပြည်သို့လိုက်လာစဉ် ကိုယ်တော်သည် မည်သည့်သင်ခန်းစာများကို သူတို့အား သွန်သင်ပေးခဲ့သနည်း။

# မူလအဓိပ္ပါယ်

---

မောရှေသည် နောဧ၏ရေလွှမ်းမိုးခြင်းအကြောင်းနှင့် ဤခေတ်ဦးခေတ်သမိုင်း၏ဖြစ်ရပ်မှန်များကို ဣသရေလလူတို့အား အသိပေးရန်အသစ်သောအစီအစဉ်၏လမ်းစဉ်ကို ရေးခဲ့သည်မှာ သေချာသည်။ သို့တိုင်၊ သူ၏မှတ်တမ်းသည် အလွန်ရွေးချယ်လွန်းပြီး ဤအရာသည် သူ၏စိတ်ထဲတွင်ရှိနေသည်ဟု ထင်မြင်နိုင်သော သီးခြားအကြောင်းအရာများဆီသို့ ဦးတည်နေပါသည်။ မောရှေသည် အတိတ်ကိုတင်ပြရန်သာမက၊ သူ့ခေတ်တွင် ဣသရေလလူမျိုးကို လမ်းညွှန်ရန်အတွက်လည်း ရေးသားခဲ့သည်။

ကမ္ဘာဦး ၆:၉–၁၁:၉ ပါအပိုင်းသုံးပိုင်းကို ကြည့်ခြင်းအားဖြင့် မောရှေ၏ရည်ရွယ်ချက်ကို ဖော်ပြပါမည်။ ဦးစွာ၊ ရေလွှမ်းမိုးခြင်းဇာတ်ကြောင်း၏ မူလအဓိပ္ပါယ်ကို ဆန်းစစ်ပါမည်။ ထို့နောက် နောဧ၏သားတို့နှင့်ပတ်သက်၍ မောရှေ၏မှတ်တမ်းကို ပြန်၍လေ့လာပါမည်။ နောက်ဆုံးအနေဖြင့်၊ ရှေးဦးခေတ်သမိုင်းမှ ဗာဗုလုန်ရဲတိုက်ဖျက်ဆီးခြင်းဆိုင်ရာ နောက်ဆုံးအပိုင်း၏ မူလသက်ရောက်မှုများကို အာရုံစိုက်ပါမည်။ နောဧ၏ရေလွှမ်းမိုးခြင်းကို မောရှေသည် သူ၏ခေတ်၌ ဣသရေလလူမျိုး၏အတွေ့အကြုံနှင့် ဆက်စပ်ပုံကို ဦးစွာကြည့်ကြပါစို့။

## လွတ်မြောက်မှုကိုဆောင်သော ရေလွှမ်းမိုးမှု

မောရှေ၏ ရေလွှမ်းမိုးခြင်းဆိုင်ရာဇာတ်ကြောင်းကို ပိုင်းခြားသိရှိရန်၊ ဇာတ်လမ်း၏ရှုထောင့်နှစ်ခုကိုကြည့်ပါမည်_ ပထမ ရေလွှမ်းမိုးခြင်းနှင့် ထွက်မြောက်ခြင်းကြားတွင် သူတည်ဆောက်ခဲ့သော ဆက်စပ်မှုများနှင့် ဒုတိယအချက် ဣသရေလအတွက် ဤဆက်သွယ်မှုများ၏သက်ရောက်မှုများ ဖြစ်သည်။ မောရှေသည် မိမိဘဝနှင့် ဓမ္မအမှုတော်တွင်ဆင်တူသည့်ပုံစံများဖြင့် နောဧကိုသရုပ်ဖော်ခြင်းဖြင့် ရေလွှမ်းမိုးခြင်းနှင့် သူ၏နေ့ရက်ကြား ဆက်စပ်မှုကို အစပြုခဲ့သည်။ ယခုသေချာသည်မှာ၊ နောဧနှင့် မောရှေတို့၏ဘဝများသည် ပုံစံအမျိုးမျိုးဖြင့် ကွဲပြားကြပြီး၊ ယင်းကွဲပြားမှုများကို လျစ်လျူမရှုသင့်ပါ။ သို့တိုင်၊ မောရှေသည် သူ၏ဣသရေလစာဖတ်သူများသည် နောဧအား မောရှေ၏ရှေ့ပြေးအဖြစ် သို့မဟုတ် ကြိုတင်ပြင်ဆင်သူအဖြစ် မြင်ကြမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဆက်သွယ်မှုများ

နောနှင့် မောရှေကြားတွင် သိသာထင်ရှားသော ဆက်နွယ်မှု အနည်းဆုံးရှစ်ခုရှိသည်။ ပထမတွင်၊ မောရှေသည် အကြမ်းဖက်မှု၏ပုံဖော်ချက်ဖြင့် သူနှင့်နောအကြား ချိတ်ဆက်မှုတစ်ခုကို ဖော်ပြခဲ့သည်။ ကမ္ဘာဦး ၆:၁၃ မှကမ္ဘာကြီးသည် အကြမ်းဖက်မှုများနှင့် ပြည့်နှက်နေသောကြောင့် နော၏ရေလွှမ်းမိုးခြင်းခံရသည်ကို သင်သတိရပါလိမ့်မည်။ ထွက်မြောက်ရာကျမ်း ၁-၂ တွင် ရှင်းလင်းစွာဖော်ပြထားသည့်အတိုင်း၊ မောရှေအားမခေါ်မီ အီဂျစ်လူမျိုးများသည် ဣသရေလလူမျိုးများအပေါ် အကြမ်းဖက်မှုများစွာကို ကျူးလွန်ခဲ့သည်။ မောရှေ၏အီဂျစ်ပြည်မှ လွတ်မြောက်ခြင်းသည် ဣသရေလလူမျိုးအပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုကို တုံ့ပြန်သည့်အနေဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ ထို့ကြောင့်၊ နောနှင့် မောရှေ၏လုပ်ငန်းသည် အကြမ်းဖက်မှုမှ လွတ်မြောက်ရန်ဖြစ်သည်။

"သင်္ဘော" ဟူသောအသုံးအနှုန်းကို မောရှေအသုံးပြုရာတွင် ဒုတိယဆက်စပ်မှုတစ်ခု ထွက်ပေါ်လာသည်။ ကမ္ဘာဦးကျမ်း ၆–၉ တစ်လျှောက် နော၏သင်္ဘောအတွက်သုံးသော ဟေဗြဲစကားလုံးသည် *tevah* (תֵּבָה) ဖြစ်သည်။ စိတ်ဝင်စားစရာမှာ၊ မောရှေသည် *tevah* ဟူသောအသုံးအနှုန်းကိုအသုံးပြုသည့် အခြားနေရာတစ်ခုမှာ ထွက်မြောက်ရာ ၂:၃၊၅ တွင်ဖြစ်သည်။ ၎င်းတွင် သူ၏မိခင်သည် သူ့ကိုထည့်ထားခဲ့သည့် သေတ္တာတစ်ခု သို့မဟုတ် *tevah* ပုခက်ကို ရည်ညွှန်းသည်။ မောရှေ၏ပုခက်သည် အလွန်သေးငယ်ပြီး နော၏သင်္ဘောသည် အလွန်ကြီးမားနေသော်လည်း၊ သူနှင့်နောနှစ်ဦးစလုံးသည် သင်္ဘောသို့မဟုတ် *tevah* နည်းလမ်းဖြင့် ရေထဲမှကယ်နုတ်ခြင်းခံရကြောင်း မောရှေထောက်ပြခဲ့သည်။

တတိယနေရာတွင်၊ ဘုရားသခင့်ပဋိညာဉ်များ၏အရေးကြီးမှုသည်လည်း နောကို မောရှေ၏ရှေ့ပြေးတစ်ဦးအဖြစ် အတည်ပြုသည်။ ကမ္ဘာဦး ၆:၁၈ နှင့် ၉:၁၁-၁၇ တွင် တွေ့ရသည့်အတိုင်း၊ နောသည် လူသားမျိုးနွယ်တစ်ခုလုံး၏ကိုယ်စား ဘုရားသခင်နှင့် ပဋိညာဉ်ပြုခဲ့သည်။ သို့သော်၊ မောရှေ၏အဓိကဝန်ဆောင်မှုများထဲမှတစ်ခုမှာ ဘုရားသခင်ပဋိညာဉ်ကို ဣသရေလအတွက် စေ့စပ်ညှိနှိုင်းရန်ဖြစ်ကြောင်း ကျွန်ုပ်တို့သိသည်။ ထွက်မြောက်ရာ ၁၉-၂၄ တွင် ကောင်းစွာသရုပ်ဖော်ထားသည့်အတိုင်း၊ သိနာတောင်သို့ရောက်သောအခါ ဣသရေလလူမျိုးကို ယေဟောဝါနှင့် အထူးပဋိညာဉ်ဖွဲ့ရန် မောရှေသည် ရွေးချယ်ခံရသည်။

ရေအားဖြင့် တရားစီရင်ခြင်း၏ အဓိကအခန်းကဏ္ဍသည် ထိုသူနှစ်ဦးကြား စတုတ္ထဆက်နွယ်မှုကိုလည်း ဖော်ပြသည်။ ကမ္ဘာဦးကျမ်း ၆–၉ တွင်၊ ဘုရားသခင်သည် နောနှင့် သူ၏မိသားစုကို မြေကြီးပေါ်ရှိ ဆိုးသွမ်းသောလူဆိုးများကို ဖျက်ဆီးခဲ့သော ရေလွှမ်းမိုးမှုအားဖြတ်ကျော်၍ဘေးကင်းစွာ ကယ်တင်ခဲ့သည်။ ထွက်မြောက်ရာကျမ်း ၁၃-၁၅ တွင်ဖော်ပြထားသကဲ့သို့၊ မောရှေသည် ဣသရေလလူမျိုးကို ပင်လယ်နီကိုဖြတ်၍ အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့ကာ၊ ရေများသည် ညှဥ်းပန်းနှိပ်စက်သူအီဂျစ်တို့၏ စစ်တပ်ကို ဖျက်ဆီးလိုက်သည်။

ပဉ္စမအချက်သည်၊ နောနှင့် မောရှေလက်ထက် နှစ်ခုစလုံးတွင် ရေများကို ရပ်တန့်ရန် ဘုရားသခင်သည် လေကိုစေလွှတ်ခဲ့သည်။ ကမ္ဘာဦးကျမ်း ၈:၁ တွင်ဖတ်ရသည့်အတိုင်း၊ နော၏ရေလွှမ်းမိုးမှုကို ရပ်တန့်ရန် ဘုရားသခင်သည် လေကိုစေလွှတ်ခဲ့သည်။ အလားတူ၊ ထွက်မြောက်ရာ ၁၄:၂၁ အရ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပင်လယ်နီ၌ "ထာဝရဘုရားသည် တညဥ့်လုံး၌ အားကြီးသော အရှေ့လေအားဖြင့် ပင်လယ်ရေကို လှန်ပြန်၍"ဟုတွေ့ရသည်။

ဆင့်မမြောက် ဆက်သွယ်မှုသည် တိရိစ္ဆာန်များအပေါ် အလေးထားမှုတွင် ထွက်ပေါ်လာသည်။ ကမ္ဘာဦးကျမ်း ၆:၁၉ တွင်ဖော်ပြထားသည့်အတိုင်း၊ ဘုရားသခင်သည် နောအား တိရစ္ဆာန်များကို သင်္ဘောထဲသို့သွင်းရန် အမိန့်ပေးခဲ့သည်။ ထွက်မြောက်ရာကျမ်းတွင် အခိုက်အတန့်လေးကြိမ်ထက် မနည်း၊ ဣသရေလလူတို့နှင့်အတူ အီဂျစ်ပြည်မှထွက်ခွာခဲ့သော တိရစ္ဆာန်များစွာကို ဖော်ပြထားပါသည်။ နောသည် သူ၏ခေတ်တွင် တိရစ္ဆာန်များကို ကမ္ဘာသို့ပို့ဆောင်ရန် ဘုရားသခင် ခန့်အပ်ထားသကဲ့သို့၊ မောရှေသည်လည်း ကတိတော်ပြည်သို့ တိရိစ္ဆာန်များကို ယူဆောင်လာရန် ဘုရားသခင် ခွဲခန့်ခဲ့သည်။

သတ္တမ၊ ဘုရားသခင်၏အောက်မေ့ခြင်းအကြောင်းအရာသည် နောနှင့် မောရှေတို့နှင့်လည်း သက်ဆိုင်သည်။ ကမ္ဘာဦး ၈:၁၊ နောဧလက်ထက်တွင် ရေများလွှမ်းမိုးလာသကဲ့သို့၊ ဘုရားသခင်သည် နောဧကိုအောက်မေ့သတိရသောကြောင့် သူ၏ကိုယ်စား လုပ်ဆောင်ခဲ့သည်ကို သင်အမှတ်ရပါလိမ့်မည်။ ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းအားဖြတ်ကျော်၍ ဘေးကင်းစွာကယ်တင်ပေးမည့်အကြောင်း နောဧ နှင့်ပဋိညာဉ်ဖွဲ့ခဲ့ပြီး၊ ကိုယ်တော်သည်ထိုပဋိညာဉ်ကို အောက်မေ့တော်မူသည်။ ထိုနည်းတူ၊ ဘုရားသခင် သည် မောရှေအား သူ၏ပဋိညာဉ်ကို အောက်မေ့သောကြောင့်၊ ဣသရေလလူမျိုးကို အဲဂုတ္တုပြည်မှ ကယ်နှုတ်ကြောင်း ကြေငြာခဲ့သည်။ ထွက်မြောက်ရာ ၆:၅ တွင် ဘုရားသခင်သည် မောရှေအား မိန့်ကြား ခဲ့သည်ကို နားထောင်ပါ_

> အဲဂုတ္တုလူတို့သည် အစေကျွန်ခံစေသော ဣသ ရေလအမျိုးသားတို့၏
> ညည်းတွားမြည်တမ်းခြင်းအသံကို ငါကြားရပြီ။ ငါပဋိညာဉ်ကိုလည်း
> ငါအောက်မေ့၏ (ထွက်မြောက်ရာ ၆:၅)။

ရေလွှမ်းမိုးခြင်းနှင့် လွတ်မြောက်ခြင်းတွင် ဘုရားသခင်၏အောက်မေ့ခြင်းတို့သည် အရေးကြီး သောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

နောက်ဆုံးတွင်၊ သဘာဝတရား၏ကောင်းချီးများသည် နောဧ၊ မောရှေတို့နှင့်လည်း ဆက်စပ်နေ သည်။ လူသားမျိုးနွယ်ကို အကျိုးပြုမည့် ထာဝရတည်မြဲပြီး တည်ငြိမ်သော သဘာဝအစီအစဉ်တစ်ခုရှိ မည်ဟု ဘုရားသခင်ကတိပြုခဲ့သော ကမ္ဘာသစ်တစ်ခုသို့ နောဧသည် လူသားတို့ကိုခေါ်ဆောင်လာခဲ့သည်။ အလားတူပုံစံဖြင့်၊ မောရှေသည် ကတိတော်ပြည်တွင် သဘာဝတရားသည် အစဉ်တည်နေပြီး တူညီသော နည်းဖြင့် အကျိုးပြုနေဦးမည်ဖြစ်ကြောင်း ဣသရေလလူမျိုးအားပြောခဲ့သည်။

ကျွန်ုပ်တို့သည်နောဧနှင့် မောရှေကြား ဤဆက်စပ်မှုများကို စိတ်စွဲမှတ်ထားခြင်းဖြင့်၊ ဣသရေလ လူမျိုးအတွက် ဤတူညီမှုများ၏ဂယက်ရိုက်ခတ်မှုများကို ကျွန်ုပ်တို့မြင်တွေ့နိုင်မည်ဖြစ်သည်။ မောရှေ သည် အဘယ်ကြောင့် ဤဆက်စပ်မှုများကို တည်ဆောက်ခဲ့သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဂယက်ရိုက်ခတ်မှုများ

ဤအကြောင်းအရာ၏ မူလသက်ရောက်မှုများကို နားလည်ရန်၊ ဣသရေလလူမျိုးများသည် မောရှေအား ပြင်းထန်စွာပုန်ကန်ခဲ့ပြီး၊ သူ၏အခွင့်အာဏာ၊ ထွက်မြောက်ခြင်းနှင့် သိမ်းပိုက်ခြင်းအစီအစဉ်ဆိုင်ရာ သူ၏ဉာဏ်ပညာတို့ကို မေးခွန်းထုတ်ခဲ့ကြောင်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ သူ၏ ဓမ္မအမှုတော်ဆိုင်ရာ ဤစိန်ခေါ်မှုများသည် မောရှေသည် မိမိကိုယ်တိုင်နှင့် နောအေကြား ဆက်သွယ်မှုများ တည်ဆောက်ရန် ဦးတည်စေခဲ့သည်။

ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းမှကယ်တင်ခြင်းတွင် လူသားမျိုးနွယ်ကို ကြောက်မက်ဖွယ်ကောင်းသော ရှေးဦးအကြမ်းဖက်မှုမှ ရွေးနုတ်ရန်နှင့် ကြီးမြတ်သောကောင်းချီးများရှိရာ ကမ္ဘာသစ်တွင် လူသားမျိုးနွယ်ကို ပြန်လည်ထူထောင်ရန် နောဧကိုအသုံးပြုခဲ့သည်။ ထိုနည်းအတူပင်၊ ဘုရားသခင်သည် ဣသရေလလူမျိုးအား အီဂျစ်ပြည်၏ကြောက်မက်ဖွယ်အကြမ်းဖက်မှုမှ ကယ်နုတ်ရန်နှင့် ကတိတော်ပြည်၏ကမ္ဘာသစ်သို့ပို့ဆောင်ရန် မောရှေအား ရွေးချယ်ခဲ့သည်။ ဣသရေလအတွက် မောရှေ၏ပုံစံသည် နောဧ၏ရေလွှမ်းမိုးခြင်းနှင့် အလွန်ဆင်တူသောကြောင့် ၎င်းသည် ဘုရားသခင်၏လက်တော်မှလာကြောင်း မည်သူမှမငြင်းနိုင်ပေ။

ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ခြင်း၏မူလအဓိပ္ပာယ်ကို ယခုကျွန်ုပ်တို့တွေ့မြင်ရပြီးနောက်၊ ကမ္ဘာဦး ၉:၁၈–၁၀:၃၂ တွင် နောဧ၏သားတော်များအကြောင်း မောရှေ၏မှတ်တမ်းကို လေ့လာသင့်ပါသည်။

# နောဧ၏သားများ

မောရှေသည် သူ၏ရှေးဦးသမိုင်းတွင် ဤအကြောင်းအရာကို အဘယ်ကြောင့် ထည့်သွင်းခဲ့သနည်း။ ဤအကြောင်းအရာများကို ဣသရေလတို့အာရုံစိုက်လာစေရန် သူ၏ရည်ရွယ်ချက်ကား အဘယ်နည်း။ မောရှေမှတ်တမ်း၏ဤအပိုင်းကို ဆန်းစစ်ရန်ကိစ္စရပ်သုံးခုကို ကြည့်ပါမည်_ပထမ၊ ခါနာန်အပေါ် သူ၏အထူးအာရုံစူးစိုက်မှု၊ ဒုတိယ၊ ပဋိပက္ခ၏အကြောင်းအရာ၊ တတိယအချက်သည် ဣသရေလအတွက် ဤပုံဖော်ချက်များ၏ သက်ရောက်မှုများတို့ဖြစ်သည်။ ခါနာန်အပေါ် မောရှေအာရုံစိုက်ခဲ့ပုံကို ဦးစွာ သုံးသပ်ကြည့်ပြပါစို့။

## ခါနန်

နောဧသည် မူးယစ်ကာအိပ်ပျော်ခြင်းမှနိုးထလာပြီး ဟာမသည် သူ့ကို အရှက်ခွဲခဲ့ကြောင်းနှင့် ရှေမနှင့်ယာဖက်တို့သည် သူ့ကိုရိုသေခဲ့ကြောင်း သိရှိခဲ့သည်ကိုသင်မှတ်မိပါလိမ့်မည်။ ယခုတွင် နောဧသည် အခြားသားများကို ကောင်းချီးပေးသကဲ့သို့ ဟာမကိုမူကား အမျက်ဒေါသနှင့် ကျိန်ခြင်းကိုပေးခြင်းသည်သာ ကျိုးကြောင်းဆီလျော်ပုံရသည်။ သို့သော် ၎င်းသည်ဖြစ်ပျက်ခဲ့သည်မဟုတ်ပါ။ ကမ္ဘာဦး ၉:၂၅-၂၇ တွင် နောဧပြောခဲ့သောစကား အပြည့်အစုံကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ။ အစ်ကိုတို့၏ကျွန်တို့၌ ကျွန်ဖြစ်ပါစေဟုဆို၏။
> တဖန်ရှေမ၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။
> ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ။ ဘုရားသခင်သည် ယာဖက်ကို
> ကျယ်စေတော်မူသဖြင့်၊ ရှေမ၏ တဲသို့တွင်နေပါစေ။ ခါနာန်မူကား၊
> သူ၏ကျွန်ဖြစ်ပါစေဟု ဆိုလေ၏ (ကမ္ဘာဦး ၉:၂၅-၂၇)။

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း ရှေမနှင့်ယာဖက်တို့သည် သူတို့၏ဖြောင့်မတ်ခြင်းအတွက် သင့်လျော်သောဆုလာဘ်များရရှိခဲ့သော်လည်း ဟာမသည် ဤနေရာတွင် ဖော်ပြခြင်းပင်မခံရပါ။ ၎င်းအစား၊ နောဧ၏ကျိန်ခြင်းကိုခံရသောသူသည် ဟာမ၏သားခါနာန်ဖြစ်သည်။

ဤဇာတ်လမ်းကို သေချာစွာကြည့်သောအခါ၊ ဟာမသည် သူ၏အစ်ကိုများထက် ကွဲပြားသောအခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရသည်။ အတိုချုပ်ပြောရလျှင်၊ ဟာမသည် ခါနာန်၏ဖခင်ဖြစ်သည်ဟူသောအချက်မှလွဲ၍ အရေးပါမှုအနည်းငယ်သာ တွေ့ရသည်။ ဤဇာတ်ကြောင်းတွင် ဟာမအကြောင်း မောရှေရေးသားပုံကို သတိပြုပါ။ ၉:၁၈ တွင်တွေ့ရသည်မှာ–

> သင်္ဘောထဲက ထွက်ဆင်းသော နောဧသားတို့၏အမည်ကား ရှေမ၊ ဟာမ၊
> ယာဖက်တည်း၊ ဟာမသည် ခါနာန်၏ အဘဖြစ်၏ (ကမ္ဘာဦး ၉:၁၈)။

တူညီသောအထောက်အထားကို ၉:၂၂ တွင်လည်း တွေ့ရသည်–

> ခါနာန်၏ အဘဟာမသည်၊ မိမိအဘ၌အဝတ်အချည်းစည်း ရှိသည်ကိုမြင်လျှင်
> (ကမ္ဘာဦး ၉:၂၂)။

များစွာသောအကြောင်းအရာတွင်၊ ဟာမသည် ဤဇာတ်လမ်း၏နောက်ကွယ်သို့ ပျောက်ကွယ်သွားပြီး သူ၏သားခါနန်သည် ရှေမ၊ ယာဖက်နှင့်အတူ နေရာယူခဲ့သည်။

ခါနာန်အပေါ် မောရှေ၏ အထူးအလေးထားမှုကိုမှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် နောဧ၏သားတို့ကို ပြုမူဆက်ဆံရာတွင် ပေါ်လာသော ဒုတိယအကြောင်းအရာတစ်ခုဖြစ်သော—ရေလွှမ်းမိုးပြီးနောက်အသစ်သောအစီအစဉ်ရှိပဋိပက္ခကို လေ့လာနိုင်မည်ဖြစ်သည်

## ပဋိပက္ခ

ပဋိပက္ခ၏အကြောင်းအရာသည် နောဧ၏သားများကို မောရှေ၏အာရုံစိုက်မှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ ဤအကြောင်းအရာကို လက်လွတ်ဆုံးရှုံးခြင်းသည် ဇာတ်လမ်း၏ အရေးကြီးဆုံးကဏ္ဍကို လက်လွတ်ဆုံးရှုံးခြင်းဖြစ်သည်။ ပဋိပက္ခ၏အယူအဆကိုလည်း ကမ္ဘာဦး ၉:၂၅-၂၇ တွင်တွေ့ရသည်။

> ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ။ အစ်ကိုတို့၏ကျွန်တို့၌ ကျွန်ဖြစ်ပါစေဟုဆို၏။
> တဖန်ရှေမ၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ။ ဘုရားသခင်သည် ယာဖက်ကို
> ကျယ်စေတော်မူသဖြင့်၊ ရှေမ၏ တဲသို့တွင်နေပါစေ။ ခါနာန်မူကား၊
> သူ၏ကျွန်ဖြစ်ပါစေဟု ဆိုလေ၏ (ကမ္ဘာဦး ၉:၂၅-၂၇)။

ဤကျမ်းပိုဒ်တွင် ခါနာန်၏ကျိန်ခြင်းကို သုံးကြိမ်ထပ်ဖော်ပြခြင်းဖြင့် ပဋိပက္ခ၏သေချာမှုကို မောရှေ မည်သို့အလေးပေးဖော်ပြခဲ့သည်ကို သတိပြုပါ။ အခန်းငယ် ၂၅ တွင်၊ ခါနာန်သည် "ကျွန်တို့၌ ကျွန်" သို့မဟုတ် စိတ်ကူးကြည့်နိုင်သော အနိမ့်ဆုံးကျွန်အမျိုးအစားဖြစ်လိမ့်မည်ဟု ကျိန်ခဲ့သည်။ အခန်းငယ် ၂၆ တွင်၊ ခါနာန်သည် ရှေမ၏ကျွန်ဖြစ်မည်ဟု နောဧ ဟောကိန်းထုတ်ခဲ့သည်။ အခန်းငယ် ၂၇ တွင် ခါနာန်သည် ယာဖက်၏ကျွန်လည်းဖြစ်မည်ဟု မောရှေထပ်လောင်းပြောခဲ့သည်။ ဤအကြိမ်ကြိမ် ဖော်ပြချက်အားဖြင့်၊ ခါနာန်အား သူ၏အစ်ကိုများသည် အောင်နိုင်လိမ့်မည်ဟူသောအချက်ကို မောရှေသည် အလေးပေးဖော်ပြခဲ့သည်။

၎င်းအပြင်၊ ဤအခန်းငယ်များသည် ခါနာန်အပေါ် အဓိကအောင်နိုင်သူအဖြစ် ရှေမကိုပုံဖော်ထားကြောင်း သတိပြုရန်အရေးကြီးသည်။ အခန်းငယ် ၂၇ တွင် "ရှေမ၏ တဲသို့တွင်နေပါစေ။ ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေ" ဟူသောစကားသည် "ခါနာန်၏ကျွန်ဖြစ်စေခြင်းငှါ၊ ယာဖက်သည် ရှေမ၏တဲ၌နေပါစေ"ဟု ပို၍ကောင်းအောင် ဘာသာပြန်နိုင်သည်။ နောဧ၏အကြံအစည်သည် ယာဖက်နှင့် ရှေမပူးပေါင်းသည့်အတိုင်းအတာအထိ ခါနာန်သည် ယာဖက်၏လက်အောက်ခံဖြစ်လိမ့်မည်။ အမှန်တကယ်၊ ရှေမသည် ခါနန်ကိုအုပ်စိုးရန် ဦးဆောင်ရမည်ဟု မောရှေ ယုံကြည်ခဲ့သည်။

ထို့ကြောင့် မောရှေသည် ရေလွှမ်းမိုးပြီးနောက် အသစ်သောအစီအစဉ်၏အရေးကြီးသောအင်္ဂါရပ်တစ်ခုကို အစပြုခဲ့ကြောင်း ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသည်။ ခါနာန်၏အမျိုးအနွယ်များကို ရှေမ၏အမျိုးအနွယ်များကအနိုင်ယူမည့် သိသာထင်ရှားသော လူသားမျိုးနွယ်၏အနာဂတ်ပဋိပက္ခတစ်ခု ဖြစ်လာမည်ကို သူနားလည်ခဲ့သည်။

ခါနာန်အပေါ် မောရှေ၏အာရုံစူးစိုက်မှုနှင့် ပဋိပက္ခ၏အဓိကအကြောင်းအရင်းကိုထောက်ရှု၍ ရှေးဣသရေလအမျိုးအတွက် နောသေားများ၏ မူလသက်ရောက်မှုများကို ကျွန်ုပ်တို့တွေ့မြင်နိုင်မည်ဖြစ်သည်။

## ဂယက်ရိုက်ခတ်မှုများ

မောရှေသည် ရေလွှမ်းမိုးပြီးနောက် သူမှတ်တမ်းတင်ထားသည့် အသစ်သောအစီအစဉ်တွင် ဤဖြစ်ရပ်များကို အဘယ်ကြောင့်ထည့်သွင်းခဲ့သနည်း။ မောရှေသည် ဤနည်းဖြင့်အသစ်သောအစီအစဉ်ကို ဖော်ပြခြင်းအတွက် အလွန်တိကျသောအကြောင်းပြချက်တစ်ခုရှိသည်။ ရှေမနှင့်ခါနာန်ကြား ပဋိပက္ခသည် သူ၏ဣသရေလပရိသတ်များ၏ လိုအပ်ချက်များကို တိုက်ရိုက်ဖော်ပြခဲ့သည်။ ၎င်းသည် သူတို့ဘဝ၏အရေးကြီးသောအတိုင်းအတာကို ကိုင်တွယ်ဖြေရှင်းပေးသည်။

မောရှေ၏ရည်ရွယ်ချက်ကို နားလည်ရန်သော့ချက်အား ကမ္ဘာဦး ၁၀:၁၈-၁၉ တွင် ဖော်ပြထားသည်။ ခါနာန်အမျိုးအနွယ်အချို့ကို စာရင်းပြုစုပြီးနောက် မောရှေဤသို့ရေးခဲ့သည်_

> ခါနာန်အမျိုးသား နေရာပြည်နယ်သည် ဇိဒုန်မြို့မှဂေရာမြို့
> ဂါဇမြို့တိုင်အောင်၎င်း တဖန်သောဒုံမြို့ ဂေါမာရမြို့ အာဒမာမြို့
> ဇေဘိုင်မြို့ကိုလွန်၍ လာရှမြို့တိုင်အောင်၎င်း ရှိသတည်း (ကမ္ဘာဦး ၁၀:၁၈-၁၉)။

ဤတိကျသော ပထဝီဝင်အကိုးအကားများသည် မောရှေ၏ဣသရေလစာဖတ်သူများနှင့်ရင်းနှီးသည်။ ခါနာန်အမျိုးအနွယ် သို့မဟုတ် ခါနနိလူတို့သည် ဇိဒုန်မြို့မှ ဂါဇာမြို့တိုင်အောင်၊ သောဒုံမြို့နှင့် ဂေါမောရမြို့တိုင်အောင် မြောက်မှတောင်အရပ်ဒေသတွင် အခြေချနေထိုင်ခဲ့သည်။ မောရှေသည် ကတိတော်ပြည်၌အခြေချနေထိုင်ခဲ့ကြသော ခါနာန်၏သားစဉ်မြေးဆက်များကို အထူးအလေးပေးခဲ့သည်။ ဘုရားသခင် အထူးခေါ်ထားသော ရှေမလူမျိုးကဲ့သို့ ဣသရေလလူတို့သည် ဤခါနနိလူတို့၏ပြည်သို့ ပြောင်းရွှေ့၍ သူတို့ပိုင်သည်ဟု ဆိုကြလိမ့်မည်။

ထို့ကြောင့် နောဧ၏သားများဆိုင်ရာ မောရှေ၏မှတ်တမ်းသည် အတိတ်၏သမိုင်းကိုဖော်ပြရန်အတွက်သာ ဖန်တီးထားခြင်းမဟုတ်သည်ကို တွေ့မြင်ရသည်။ ရှေးခေတ်သမိုင်းတွင် ဘုရားသခင်ခွဲခန့်ခဲ့သည့်နည်းတူ၊ သိမ်းပိုက်အောင်မြင်ခြင်းသို့တက်လှမ်းရန် ဣသရေလလူမျိုးအား မောရှေ၏ခေါ်တော်မူခြင်းဆိုင်ရာ နောက်ခံအကြောင်းအရာကိုဖော်ပြရန် ၎င်းကိုပုံစံပြုထားသည်။ ရလဒ်အနေနှင့်၊ ခါနာန်ပြည်ကိုသိမ်းပိုက်ရန် မောရှေ၏ခေါ်ဆိုခြင်းကို ဆန့်ကျင်သောဣသရေလလူများသည် မောရှေကို ခုခံတွန်းလှန်နေကြခြင်းမဟုတ်ပါ။ ရေလွှမ်းမိုးပြီးနောက် ကမ္ဘာကြီးအတွက် ဘုရားသခင် ချမှတ်ပေးခဲ့သော ဘုရားသခင်၏အစီအစဉ်ကို ၎င်းတို့ အမှန်တကယ် ဆန့်ကျင်ကြခြင်းဖြစ်သည်။

ရေလွှမ်းမိုးခြင်းနှင့် နောဧ၏သားများမှတ်တမ်းများသည် မူလဣသရေလစာဖတ်သူများနှင့်မည်သို့သက်ဆိုင်သည်ကို ယခု ကျွန်ုပ်တို့တွေ့မြင်ရပြီဖြစ်သောကြောင့် ကျွန်ုပ်တို့၏ တတိယမြောက်အထူးပြုချက်ကို လေ့လာသင့်သည်_ ကမ္ဘာဦး ၁၁:၁-၉ တွင် ဗာဗုလုန်ရဲတိုက်ဖျက်ဆီးခြင်းအကြောင်းရေးသားသောအခါ မောရှေ၏မူလရည်ရွယ်ချက် အကြောင်းဖြစ်သည်။

# ဗာဗုလုန်ရဲတိုက်အားဖျက်ဆီးခြင်း

ဣသရေလလူတို့၏ဘဝတွင် ဗာဗုလုန်ရဲတိုက်ဖျက်ဆီးခြင်းအကြောင်းဇာတ်လမ်းကို မောရှေအနေဖြင့် မည်သို့လက်တွေ့ကျင့်သုံးစေလိုပုံကို နားလည်သဘောပေါက်ရန်၊ ဤကျမ်းပိုဒ်ကို ရှုထောင့်သုံးမျိုးဖြင့် ကြည့်ပါမည်_ပထမ၊ မြို့အကြောင်း မောရှေ၏ဖော်ပြချက်၊ ဒုတိယ၊ ယေဟောဝါ၏အောင်ပွဲအကြောင်းဖော်ပြချက်၊ တတိယ၊ ကတိတော်ပြည်သို့ ပြောင်းရွှေ့လာစဉ် ဣသရေလလူမျိုးအတွက်အကျိုးသက်ရောက်မှုများဖြစ်သည်။ မြို့နှင့်ပတ်သက်၍ ဖော်ပြချက်ကို ဦးစွာကြည့်ကြပါစို့။

## မြို့

ဗာဗုလုန်ရဲတိုက်၏အမည်သည် နောက်ပိုင်းတွင် ဗာဗုလုန်မြို့ဟုလူသိများသည့်မြို့နှင့် တူညီကြောင်း သတိပြုသင့်သည်။ မောရှေခေတ်တွင် ဗာဗုလုန်မြို့ကို ရှေးခေတ်အရှေ့အလယ်ပိုင်းဒေသတွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူသိများသည်။ ၎င်းသည် နှစ်ပေါင်းများးစွာ ယဉ်ကျေးမှု၏ဗဟိုချက်ဖြစ်ခဲ့ပြီး၊ ၎င်း၏ဂုဏ်သတင်းသည် ဒဏ္ဍာရီဆန်ပမာဏသို့တိုင် ရောက်ရှိခဲ့သည်။ ထို့ကြောင့် မောရှေသည်ရေလွှမ်းမိုးပြီးနောက် ဗာဗုလုန်မြို့ ဟုခေါ်သည့်နေရာအကြောင်းရေးသောအခါ၊ သူ၏ဣသရေလစာဖတ်သူများသည် ဤနေရာကို ရှေးခေတ်ကြီးကျယ်သောမြို့ပြဗဟိုချက်၏မူလအစအဖြစ် ချက်ချင်းအသိအမှတ်ပြုကြမည်ဖြစ်သည်။

## အောင်မြင်ခြင်း

ကမ္ဘာဦး ၁၁:၁-၉ ၏ဒုတိယအရေးကြီးသောအချက်သည် ဤရှေးခေတ်မဟာမြို့ကြီးအပေါ် ယေဟောဝါ၏အောင်ပွဲအကြောင်းမောရှေဖော်ပြသည့်နည်းလမ်းဖြစ်သည်။ ဤဇာတ်လမ်းပါ အချက်များစွာတွင်၊ မောရှေသည် ဗာဗုလုန်မြို့သူမြို့သားများ၏ အမြင်များကို သူ၏ကိုယ်ပိုင်အမြင်နှင့် ယှဉ်ပြခြင်းဖြင့် ဘုရားသခင့်အောင်ပွဲ၏ ကြီးကျယ်ခမ်းနားမှုကို ပြသခဲ့သည်။ ဥပမာအားဖြင့်၊ အရပ်ရပ်သို့ကွဲပြားခြင်း အကြောင်းအရာကို မောရှေ၏ကိုင်တွယ်ပုံ၊ သို့မဟုတ် ဟေဗြဲဘာသာဖြင့် ကြိယာစကားလုံး *ထည့်သည်* (ပူး၁) ကို သုံးသပ်ကြည့်ပါ။ တစ်ဖက်တွင်၊ ဗာဗုလုန်မြို့သားတို့သည် ကွဲလွင့်သွားမည်ကို အလွန်စိုးရိမ်ခဲ့ ကြသည်။ ၁၁:၄ တွင်၊ သူတို့သည် "မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍" မြို့ကိုတည် ဆောက်ခဲ့ကြောင်း တွေ့ရှိရသည်။

သို့သော် ဆန့်ကျင်ဘက်အားဖြင့်၊ ဗာဗုလုန်လူတို့ မလိုလားသောအရာကို ဘုရားသခင်သည်အတိအကျပြုလုပ်ခဲ့ကြောင်း နှစ်ကြိမ်တိုင်တိုင် မောရှေဖော်ပြခဲ့သည်။ ၁၁:၈ တွင်ကျွန်ုပ်တို့တွေ့ရသည်မှာ_

> ထိုသို့ထာဝရဘုရားသည် သူတို့ကို မြေကြီးတပြင်လုံး၌
> အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊(ကမ္ဘာဦး ၁၁:၈)။

၁၁:၉ တွင် ထပ်မံတွေ့ရှိရသည်မှာ_

> သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ် ကွဲပြားစေတော်မူသောကြောင့် (ကမ္ဘာဦး ၁၁:၉)။

ဓမ္မဟောင်းကျမ်းတွင် မကြာခဏဆိုသလို၊ "ကွဲပြားခြင်း" ဟူသော ဝေါဟာရသည် တိုက်ပွဲတွင် လုံးဝရှုံးနိမ့်ခြင်း၏ အပျက်သဘောဆောင်သော အဓိပ္ပါယ်ရှိသည်။ စစ်ရှုံးသည့် စစ်သားများသည် ရန်သူများလိုက်၍သတ်ဖြတ်ခြင်းကြောင့် ထွက်ပြေးရင်းဖြင့် ကွဲပြားသွားကြသည်။ ထို့ပြင် ၎င်းသည်ဤဇာတ်လမ်း၏အဓိပ္ပါယ်လည်း ဖြစ်သည်။ ဤဇာတ်လမ်းကို ထာဝရဘုရားအတွက် အံ့သြဖွယ်ရာအောင်ပွဲတစ်ခုအဖြစ် မောရှေတင်ပြခဲ့သည်။ ထာဝရဘုရားသည် ဗာဗုလုန်မြို့ကိုတိုက်ခိုက်ရန် မိမိ၏ကောင်းကင်ဗိုလ်ခြေအားခေါ်တော်မူပြီး၊ ၎င်း၏ထွက်ပြေးကြသောမြို့သားတို့ကို မြေကြီးအနှံ့သို့ နှင်ထုတ်တော်မူသည်။

မောရှေသည် သူ၏အမြင်ကို ဗာဗုလုန်မြို့သားများနှင့် ခြားနားစေသည့် နောက်တစ်နည်းမှာ မြို့၏ အရွယ်အစားနှင့် ၎င်း၏ရဲတိုက်နှင့်စပ်လျဉ်း၍ ဖြစ်သည်။ ကမ္ဘာဦး ၁၁:၄ အရ၊ ဗာဗုလုန်မြို့သားတို့သည် မိမိတို့ဘုရားများရှိရာအရပ်၊ ကောင်းကင်သို့ရောက်နိုင်သော ရဲတိုက်တစ်ခုကို လိုချင်ကြသည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မောရှေသည် ဤအကြံအစည်ကို ပြက်ရယ်ပြုခဲ့သည်။ ယင်းအစား၊ ကမ္ဘာဦး ၁၁:၅ တွင် သူသည် ဤသို့ရေးခဲ့သည်–

> ထိုသို့ လူသားတို့တည်လုပ်သော မြို့နှင့် ရဲတိုက်ကို ကြည့်ရှုခြင်းငှါ၊ ထာဝရဘုရားသည် ဆင်းသက်တော်မူ၏ (ကမ္ဘာဦး ၁၁:၅)။

ဤနေရာတွင် ဘာသာပြန်ထားသော "ဆင်းသက်တော်မူ၏" ဟူသော ဟေဗြဲစကားလုံး *yarad (יָרַד)* သည် ဤဇာတ်လမ်းတွင် တိကျသောအဓိပ္ပါယ်ရှိသည်။ ဘုရားသခင်သည် မြို့ကိုသတိပြုရုံသက်သက်မဟုတ်။ ကိုယ်တော်သည်မြို့ဆီသို့ ရိုးရိုးဆင်းသက်လာခြင်းမျှသာမဟုတ်ပါ။ ဗာဗုလုန်မြို့သားတို့သည် ကောင်းကင်သို့မီနိုင်သည့်မျှော်စင်ကို ဆောက်လုပ်လိုသော်လည်း၊ ထာဝရဘုရားသည် မြို့ကိုကြည့်ရန် ကောင်းကင်အမြင့်မှဆင်းသက်တော်မူမည်ဟု မောရှေအခိုင်အမာဆိုခဲ့သည်။ ထို့ကြောင့် မောရှေသည် ဗာဗုလုန်မြို့သားတို့၏ဟန်ဆောင်မှုကို ကဲ့ရဲ့ရှုတ်ချခဲ့သည်ကို မြင်ရသည်။ ယေဟောဝါအမြင်အရ၊ ဤမြို့သည် သေးငယ်သော အမှုန်အမွှားများထက် အနည်းငယ်သာလွန်သည်။

နောက်ဆုံးတွင်၊ ဗာဗုလုန်ရဲတိုက်ဖျက်ဆီးခြင်းအကြောင်းသည် မောရှေအား ဤရှေးဟောင်းမြို့၏ဂုဏ်သတင်းကို မည်သို့ရှုတ်ချခဲ့သည်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။ မြို့သူမြို့သားတို့သည် ဗာဗုလုန်မြို့ဟုခေါ်သည်။ မက်ဆိုပိုတေးမီးယားဘာသာစကားများတွင် *ဗာဗုလုန်* ဟူသောဝေါဟာရသည် "နတ်ဘုရား၏တံခါး" ဟုအဓိပ္ပာယ်ရသည်။ ၎င်းတို့၏မျှော်စင်သည် နတ်ဘုရားများထံရောက်သော တံခါးပေါက်တစ်ခု အမှန်တကယ်ဖန်တီးပေးပြီး၊ ၎င်းကိုကောင်းကင်တန်ခိုးများဖြင့် လုံခြုံစေသည်ဟူသော ယုံကြည်မှုကို ဤအမည်သည်ဖော်ပြသည်။

သို့သော် မောရှေသည် မြို့အမည်နှင့် ပတ်သက်၍ ကွဲပြားသောအမြင်ရှိခဲ့သည်။ ဗာဗုလုန်ရဲတိုက်ကို ယေဟောဝါသည် ပြင်းထန်စွာဖျက်ဆီးခဲ့သည့်အတွက်၊ မြို့သည်ဘုရားသခင်၏ တံခါးမဟုတ်သည်မှာ ထင်ရှားသည်။ ထိုသို့ဆိုလျှင်၊ အမည်သည် မည်သည့်အရာကိုဆိုလိုသနည်း။ ကမ္ဘာဦး ၁၁:၉ တွင် မောရှေ၏ထင်ရှားစွာထေ့ငေါ့သော အဖြေတွေ့ရသည်–

> သို့ဖြစ်၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုပ်ထွေး၍၊ သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ် ကွဲပြားစေတော်မူသောကြောင့် ထိုမြို့သည် ဗာဗုလုံမြို့ဟူ၍ တွင်သတည်း (ကမ္ဘာဦး ၁၁:၉)။

ဤအခန်းငယ်တွင်တွေ့ရသော မောရှေ၏ထေ့ငေါ့မှုကို နားလည်ရန်၊ ဟေဗြဲစကားလုံးနှစ်လုံးဖြင့် သူမည်သို့ပြောခဲ့သည်ကို ကျွန်ုပ်တို့ နားလည်ရန် လိုအပ်သည်။ ဦးစွာသူသည် "ထိုမြို့သည် ဗာဗုလုံမြို့ဟူ၍ တွင်သတည်း" ဟုဆိုသည်။ "ဗာဗုလုန်" အတွက် ဟေဗြဲစကားလုံးသည် *ဗာဗုလုန် (בָּבֶל)*ဖြစ်ပြီး၊ ဟေဗြဲဘာသာပြန်တွင် မက်ဆိုပိုတေးမီးယားဟုခေါ်သည့်နေရာဖြစ်သည်။ သို့ရာတွင် သခင်ဘုရားသည် လူသားတို့၏ဘာသာစကားကို ထိုအရပ်၌ရှုပ်ထွေးစေသောကြောင့် မြို့အမည်ကို ထိုသို့အမည်ပေးခြင်းဖြစ်ကြောင်း မောရှေရှင်းပြသည်။ "ရှုပ်ထွေးစေသည်" ဟုပြန်ဆိုထားသော ဟေဗြဲစကားလုံးမှာ *balal*

(**בָּלַל**) ဖြစ်ပြီး၊ မောရှေ၏ ထွေ‌ေပြားခြင်း၏ဟေဗြဲဘာသာ *babel* နှင့် အသံထွက်ဆင်တူသည်။ ဗာဗုလုန် ဟုခေါ်ရသည့်အကြောင်းရင်းသည် ရှုပ်ထွေးခြင်းကြောင့် သို့မဟုတ် ထိုအရပ်၌ရှုပ်ယှက်ခတ်မှုများဖြစ်ခဲ့ ခြင်းကြောင့်ဖြစ်သည်ဟု ဆိုခြင်းဖြင့် သူသည်ရှေးဟောင်းမြို့ကို ကဲ့ရဲ့ရှုတ်ချခဲ့သည်။ ထို့ကြောင့်၊ မောရှေ ၏အမြင်အရ၊ "ဗာဗုလုန်" ဟူသောအမည်သည် ဤနေရာအတွက် သင့်လျော်သည်၊ အကြောင်းမှာ ၎င်းသည် ဘုရားသခင်၏တံခါးဖြစ်သောကြောင့်မဟုတ်ဘဲ၊ တစ်ကမ္ဘာလုံးအတွက်ရှုပ်ထွေးခြင်း၊ ရှုပ်ထွေး သည့်နေရာဖြစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဤကဲ့ရဲ့ရှုတ်ချခြင်းအားဖြင့်၊ မောရှေသည် ဗာဗုလုန်၏ အံ့သြ ဖွယ်ဂုဏ်သတင်းကို သူ၏ခေတ်တွင်လုံးဝပြောင်းပြန်လှန်ပစ်ခဲ့သည်။ သူတို့၏ဘုရားသခင်ထာဝရဘုရား ၏အောင်ပွဲသည် ရှေးခေတ်သမိုင်း၏အကြီးကျယ်ဆုံးသောမြို့တော်ကို ပြက်ရယ်ပြုကြောင်းကို မိန့်တော် မူခြင်းဖြင့်၊ သူသည် ဣသရေလလူတို့ကို ရယ်မောစေခဲ့သည်။

မြို့တော်၏ဖော်ပြချက်နှင့် ယေဟောဝါ၏အောင်ပွဲများကို စိတ်ထဲ၌မှတ်ထားခြင်းဖြင့်၊ ကတိ တော်ပြည်သို့ ပြောင်းရွှေ့လာစဉ် ဣသရေလလူမျိုးများအတွက် ဤဇာတ်လမ်း၏ အကျိုးသက်ရောက်မှု များကို မြင်တွေ့နိုင်သည့် အနေအထားတွင် ရှိနေပါသည်။

## ဂယက်ရိုက်ခတ်မှုများ

ကျွန်ုပ်တို့သိသည်အတိုင်း၊ ကာဒေရှအရပ်၌ မောရှေသည် ခါနာန်ပြည်သို့သူလျှိုများကိုစေလွှတ် ပြီး၊ သူတို့သည် သတင်းဆိုးများဖြင့် ပြန်လာကြသည်။ ခါနန်ပြည်၌ရှိသောစစ်အင်အားသည် ကြီးမားလွန်း သောကြောင့် ထိုနေရာကို ဣသရေလတို့သည် သိမ်းပိုက်နိုင်မည်မဟုတ်ဟု အခိုင်အမာဆိုကြသည်။ ရလဒ်အနေနှင့်၊ ဣသရေလလူတို့သည် သိမ်းပိုက်အောင်နိုင်ခြင်းမှ လွဲရှောင်သွားကာ နောက်အနှစ်လေး ဆယ်ကြာ တောထဲ၌ လှည့်လည်နေထိုင်ခဲ့ကြရသည်။ နောက်မျိုးဆက်များ အရွယ်ရောက်လာသော အခါမှသာလျှင် မောရှေသည် ဣသရေလလူတို့ကို ခါနာန်ပြည်သို့ တဖန်ပြန်ဦးဆောင်တိုက်ခိုက်ရန် အသင့်ရှိခဲ့သည်။

ဤဆိုးသောတင်ပြချက်များနှင့်ပတ်သက်သည့် ရှုထောင့်တစ်ခုမှာ ရှေးခေတ်ဗာဗုလုန်ရှုံးနိမ့်ခြင်း ၏ အရေးပါပုံကို နားလည်ရန် ကျွန်ုပ်တို့ကူညီပေးသည်။ တရားဟောရာ ၁:၂၈ တွင်ဖော်ပြသည့် ခါနာန်မြို့ နှင့်သက်ဆိုင်သည့် သူလျှိုများပြောပြချက်ကို နားထောင်ပါ_

> ထိုပြည်သားတို့သည် ငါတို့ထက် ကြီး၏။ အရပ်လည်းသာ၍မြင့်၏။ မြို့လည်း မိုဃ်းကောင်းကင်သို့ ထိသောမြို့ရိုးလည်းရှိ၏ (တရားဟောရာ ၁း၂၈)"

ဝမ်းနည်းဖွယ်ကောင်းသည်မှာ၊ ဤကျမ်းပိုဒ်အပေါ် ခေတ်သစ်ဘာသာပြန်အများစုသည် ခါနာန်လူ တို့၏မြို့များနှင့်ဗာဗုလုန်ရဲတိုက်တို့အကြား၏ ဤဆက်စပ်ဖော်ပြမှုကို မမြင်နိုင်ကြပါ။ သူလျှိုများသည် "မိုးကောင်းကင်သို့ ထိသောမြို့ရိုး" ဟုပြောသောအခါ၊ "မိုဃ်းကောင်းကင်" ဟူသော ဝေါဟာရသည် ဟေဗြဲစကားလုံး *shamayim* (**שָׁמַיִם**)ဖြစ်ပြီး၊ "ကောင်းကင်နိုင်ငံ"ဟု မကြာခဏပြန်ဆိုထားသည်။ အမှန်တကယ်၊ ကမ္ဘာဦး ၁၁:၄ တွင် "မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်" အဖြစ်ဖော်ပြသောအခါ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗာဗုလုန်ရဲတိုက်နှင့်ပတ်သက်၍ တူညီသောအသုံးအနှုန်းဖြစ်သည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင်၊ မြို့များသည် ကောင်းကင်ဘုံသို့တိုင် ရောက်ရှိသောကြောင့် ရန်သူများမအောင်မြင်နိုင်ဟူသည့် အယူအဆဖြစ်သည်။

ထို့ကြောင့် မောရှေသည် ရှေးခေတ်ဗာဗုလုန်မြို့နှင့် ခါနာန်မြို့များကြား ချိတ်ဆက်ထားခြင်းဖြစ်သည်။ ဗာဗုလုန်မြို့တွင် ရဲတိုက်ဆောက်သူများသည် ၎င်းတို့၏မျှော်စင်သည် ကောင်းကင်သို့ရောက်သည်ဟု ထင်ကြသကဲ့သို့၊ ခါနာန်မြို့များအား ပတ်လည်ကာရံထားသောမြို့ရိုးများသည် ကောင်းကင်သို့ရောက်သည်ဟု ဣသရေလတို့ထင်မှတ်ကြသည်။ ဗာဗုလုန်မြို့နှင့် ခါနာန်မြို့များကြားဆက်နွယ်မှုသည် မောရှေ၏ရည်ရွယ်ချက်ကို ထင်ရှားစေသည်။ ရိုးရှင်းစွာပြောရလျှင်၊ ဣသရေလလူတို့ရှေ့၌ ခါနာန်လူတို့၏မြို့များသည် ကောင်းကင်ဘုံသို့ရောက်ရှိသွားပုံရသော်လည်း၊ ၎င်းတို့သည် ထာဝရဘုရား၏တန်ခိုးတော်နှင့် မည်သို့မျှမယှဉ်နိုင်ပါ။ ရှေးခေတ်ကာလတွင်၊ ထာဝရဘုရားသည် ၎င်း၏ရဲတိုက်သည် ကောင်းကင်ဘုံသို့လည်း ရောက်သည်ဟု လူသားတို့ ထင်မှတ်သော အကြီးကျယ်ဆုံးထားသောမြို့ကိုဆန့်ကျင်ဘက်ပြုတော်မူသည်။ သို့တိုင်၊ ခါနာန်ပြည်ရှိ မည်သည့်မြို့ထက်မဆို ကြီးမြတ်သော ဤရှေးခေတ်မြို့ကို ယေဟောဝါသည်လွယ်ကူစွာပင် ဖျက်ဆီးခဲ့သည်။

ဘုရားသခင်သည် လူသားမျိုးနွယ်အား ရှေးဦးရေလွှမ်းမိုးမှုအားဖြတ်ကျော်၍ အသစ်သောအစီအစဉ်တစ်ခုသို့ ပို့ဆောင်တော်မူခဲ့သကဲ့သို့၊ သူသည် ဣသရေလတို့ကို အီဂျစ်ပြည်မှ ကယ်တင်ခဲ့သည်။ ရှေမနှင့် ခါနာန်တို့ကြားတွင် ပဋိပက္ခကို ဘုရားသခင် စီရင်ထားသကဲ့သို့၊ မောရှေသည် ဣသရေလလူတို့ကို ခါနန်ပြည်သို့ ပို့ဆောင်ခဲ့သည်။ ဗာဗုလုန်ရဲတိုက်ကို ဘုရားသခင် ဖျက်ဆီးခဲ့သည်နည်းတူ၊ မကြာမီ ခါနာန်မြို့များကို ဣသရေလလူမျိုးအား အောင်ပွဲခံစေတော်မူမည်ဖြစ်သည်။ ရှေးဦးခေတ်သမိုင်း၏ ဤအခန်းများမှ၊ ကတိတော်ပြည်သို့ မောရှေနောက်လိုက်ခြင်းသည် မှန်ကန်သောလမ်းညွှန်ချက်တွင် လျှောက်လှမ်းခြင်းဖြစ်သည်ကို ဣသရေလလူတို့သည် နားလည်သင့်သည်။

ယခုအချိန်တိုင်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ တွင်ရှိသော မောရှေမှတ်တမ်း၏ မူလအဓိပ္ပာယ်နှင့် စာပေဖွဲ့စည်းပုံဆိုင်ရာမူလအဓိပ္ပာယ်ကို တွေ့မြင်နေရသည်။ ယခုကျွန်ုပ်တို့သည် တတိယမေးခွန်းကိုမေးရန် အသင့်ဖြစ်နေပြီဖြစ်သည်_ ယနေ့ကျွန်ုပ်တို့၏ဘဝတွင် ဤအကြောင်းအရာကို ကျင့်သုံးသင့်သည့်နည်းလမ်းအချို့မှာ အဘယ်နည်း။

# ခေတ်သစ်ကျင့်သုံးမှု

ကျွန်ုပ်တို့၏ထုံးစံအတိုင်း၊ ခရစ်တော်၏နိုင်ငံတော်အဆင့်သုံးဆင့်နှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်း၏ဖော်ပြချက်ကို လိုက်နာခြင်းဖြင့် ခေတ်သစ်ကျင့်သုံးမှုဆိုင်ရာမေးခွန်းကို ကျွန်ုပ်တို့လေ့လာပါမည်။ ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ခြင်း နှင့် ထွက်ပေါ်လာသောအသစ်သောအစီအစဉ်သည် ခရစ်တော်၏ ပထမဆုံးကြွလာတော်မူခြင်းတွင် နိုင်ငံတော်၏အစပြုတည်ဆောက်ခြင်းနှင့်ပတ်သက်၍ မည်သို့ကျင့်သုံးသည်ကို ဦးစွာကြည့်ရှုပါမည်။ ထို့နောက် အသင်းတော်သမိုင်းတစ်လျှောက် နိုင်ငံတော်၏ဆက်လက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တည်တံ့မှုတွင် ဤကိစ္စရပ်များ၏ဆက်စပ်မှုကို လေ့လာပါမည်။ နောက်ဆုံးတွင်၊ ဓမ္မသစ်ကျမ်းသည် ဤအပိုင်းကို ရှေးဦးသမိုင်း၏ဘုန်းအသရေဖြင့် ခရစ်တော်ပြန်ကြွလာသောအခါ နိုင်ငံတော်၏ပြီးပြည့်စုံခြင်းတွင် မည်သို့ကျင့်သုံးသည်ကို ဆန်းစစ်ပါမည်။

ဤနည်းဖြင့် မောရှေ၏ရှေးဦးသမိုင်း၏ နောက်ဆုံးအခန်းများကို ချဉ်းကပ်သောအခါ၊ ဓမ္မသစ်ကျမ်းသည် ဣသရေလလူမျိုးအတွက် မောရှေ၏မူလရည်ရွယ်ချက်ကို ခရစ်တော်၏နိုင်ငံတော်အဆင့်သုံးဆင့်ဖြစ်သည့်၊ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် လုပ်ဆောင်ခဲ့မှုကို ကျွန်ုပ်တို့ တွေ့ရှိနိုင်မည်ဖြစ်သည်။ . ခရစ်တော်၏ ပထမဆုံးကြွလာမှုအပေါ် ဓမ္မသစ်ကျမ်းက ရှုမြင်သည့်နည်းလမ်းများကို ဦးစွာကြည့်ကြပါစို့။

# နိုင်ငံတော်စတင်ခြင်း

နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင်၊ ခရစ်တော်သည် ကမ္ဘာဦး ၆:၉–၁၁:၉ တွင် မောရှေအလေးပေးဖော်ပြသော အကြောင်းအရာများနှင့်ကိုက်ညီသော ကြီးမားသည့်ကယ်တင်ခြင်းကို ပြီးမြောက်စေခဲ့သည်။ ဤချိတ်ဆက်မှုများကို အနည်းဆုံး နည်းလမ်းနှစ်ခုဖြင့် ကျွန်ုပ်တို့ မြင်နိုင်ပါသည်– ခရစ်တော်ဖျန်ဖြေပေးသည့် ပဋိညာဉ်နှင့် သူပြီးမြောက်ခဲ့သည့်အောင်မြင်ခြင်းဖြစ်သည်။

## ပဋိညာဉ်

တစ်ဖက်တွင်၊ ခရစ်တော်သည် မိမိလူတို့အား ဘုရားသခင်တရားစီရင်ခြင်းမှ ကယ်နုတ်သော ပဋိညာဉ်နည်းလမ်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်စေတော်မူသည်။ ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ နောသေည် ပဋိညာဉ်၏ဖျန်ဖြေပေးသူအဖြစ် အထူးအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး၊ မောရှေသည် မိမိ၏ဓမ္မအမှုတော်ကို ဣသရေလနိုင်ငံအား ရှင်းပြစဉ် ဤအချက်ကိုဖော်ပြခဲ့သည်။ အလားတူပုံစံဖြင့်၊ ခရစ်တော်သည် ဤကမ္ဘာမြေသို့ကြွလာသောအခါ ပဋိညာဉ်တရားသစ်ကို ဖျန်ဖြေပေးသောကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်ကြောင်း ဓမ္မသစ်ကျမ်းတွင် သွန်သင်ထားပါသည်။

မကြာခဏဆိုသလို၊ ခရစ်တော်သည် ဘုရားသခင်၏လူမျိုးတော်၏တရားစီရင်ခြင်းခံရချိန်တွင် ဤကမ္ဘာမြေသို့ကြွလာကြောင်း ခရစ်ယာန်များမသိကြပေ။ ဘီစီ ၅၈၆ တွင် ဣသရေလတို့သည် ဓမ္မဟောင်း ပဋိညာဉ်များကို ထင်ရှားစွာ ချိုးဖောက်သောကြောင့်၊ ဗာဗုလုန်လူမျိုးများသည် ယေရုရှလင်မြို့ကို ဖျက်ဆီးခဲ့ပြီး ဣသရေလလူမျိုးများသည် တိုင်းတစ်ပါးလွှမ်းမိုးမှုမှ အပြည့်အဝပြန်လည်ထူထောင်နိုင်မည်မဟုတ်ပါ။ သို့သော် ဘုရားသခင်သည် အနာဂတ်တွင် ပဋိညာဉ်သစ်တစ်ခုကို တည်ထောင်ခြင်းဖြင့် ပြည်နှင်ခံရသောမီးထဲမှ လူများကို လွတ်မြောက်စေတော်မူမည်ဟု ပရောဖက်ယေရမိ ကြိုဟောခဲ့သည်။ ယေရမိ ၃၁း၃၁ တွင် ပရောဖက်သည်ဤသို့ကြေငြာခဲ့သည်–

> ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌
> ငါပေးသောအချိန်ကာလ ရောက်လိမ့်မည် (ယေရမိ ၃၁း၃၁)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်အများစုသိသည့်အတိုင်း၊ ဤပဋိညာဉ်တရားသစ်၏ဖျန်ဖြေသူအဖြစ် ယေရှုသည် ဤကမ္ဘာမြေသို့ကြွလာကြောင်း ဓမ္မသစ်ကျမ်းသွန်သင်သည်။ နောက်ဆုံးညစာစားပွဲတွင် တပည့်တော်များကို မိန့်တော်မူသောအခါ ယေရှုကိုယ်တိုင်ဤအခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့သည်။ လုကာ ၂၂:၂၀ တွင်ကိုယ်တော်မိန့်တော်မူသည်မှာ_

> ထိုနည်းတူညစာစားပြီးမှ ခွက်ကိုလည်းယူ၍၊ ဤခွက်ကား သင်တို့အဘို့အလိုငှါ သွန်းသော ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏ (လုကာ ၂၂:၂၀)။

ထို့ကြောင့် နောသေည် ဘုရားသခင့်ပဋိညာဉ်တရား၏ ဖျန်ဖြေသူအဖြစ် တရားစီရင်ခြင်းမှလွတ်မြောက်သကဲ့သို့၊ ယေရှုသည် နိုင်ငံတော်ကိုစတင်တည်ဆောက်ရာ၌ လက်ဝါးကပ်တိုင်ပေါ်တွင် သွန်းလောင်းတော်မူသောအသွေးတော်အားဖြင့် ပဋိညာဉ်သစ်အားကြားဝင်ဖျန်ဖြေခြင်းဖြင့် သူ့ကို ယုံကြည်သူများကို တရားစီရင်ခြင်းမှ လွတ်မြောက်စေခဲ့သည်။

## အောင်မြင်ခြင်း

ပဋိညာဉ်အသစ်ကို ယူဆောင်လာသည့်အပြင်၊ ယေရှု၏လောကဆိုင်ရာဓမ္မအမှုတော်သည် သန့်ရှင်းသောစစ်ပွဲတွင် အောင်ပွဲခံခြင်း၏အကြောင်းအရာကို ပြည့်စုံစေသည်။ မောရှေသည် ရေလွှမ်းမိုးပြီးနောက် အသစ်သောအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် သန့်ရှင်းသောစစ်ပွဲ၏အကြောင်းအရာကို အာရုံစိုက်ခဲ့သည်။ ဣသရေလလူမျိုးသည် ခါနာန်ပြည်ကို သိမ်းပိုက်ရန် ကမ္ဘာ၏အစီအစဉ်အသစ် လိုအပ်ကြောင်းကို ကိုယ်တော်ချမှတ်ခဲ့ပြီး၊ ကြီးစွာသောအောင်ပွဲအကြောင်း သူတို့ကိုအာမခံခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင်၊ ကောလောသဲ ၂:၁၅ တွင် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် ပေါလုဖော်ပြပုံကို နားထောင်ပါ_

> အထွတ်အမြတ်အာဏာစက်များကို လုယူလျှင် (ခရစ်တော်သည်) ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ (ကောလောသဲ ၂း၁၅)။

ဤနေရာတွင် ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ယေရှု၏ပထမဆုံးကြွလာခြင်းသည် နိုင်ငံရေးမဟုတ်၊ ဝိညာဉ်ရေးအရ အောင်ပွဲခံခြင်းဖြစ်သည်။ ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် သူ၏ခေတ်တွင် ကမ္ဘာကိုအုပ်စိုးသော ဆိုးညစ်သောတန်ခိုးစွမ်းအားများနှင့် ဝိညာဉ်ရေးအာဏာပိုင်များကို အနိုင်ယူရန် စတင်ခဲ့သည်။ ကိုယ်တော်၏ရွေးနုတ်ခြင်းအမှုတော်သည် ရှေးခေတ်ဗာဗုလုန်မြို့တော်ကို ကြည့်ရှုတော်မူသည်နည်းတူ၊ လူအများတို့ကို ရွေးနှုတ်တော်မူသည်၊ နောက်ပိုင်းတွင် ခါနာန်မြို့ကြီးများကို ဖျက်ဆီးပစ်ခဲ့သည်။

ဤသဘောအရ၊ ယေရှုသည် သူ၏ပဋိညာဉ်တရားသစ်အားဖြင့် ကယ်နှုတ်ရုံသာမက၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတွင် ဝိညာဉ်ရေးအမှောင်၏စွမ်းအားများကိုလည်း အောင်ပွဲခံခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာဦးကျမ်းတွင် ရှေးကတည်းက ကတိပြုထားသော နောက်ဆုံးအောင်ပွဲ၏အစအဖြစ် ခရစ်တော်၏ မြေကြီးဆိုင်ရာဓမ္မအမှုတော်ကို ခရစ်တော်၏နောက်လိုက်များသည်ကြည့်ကြသည်။

ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း၊ ဓမ္မသစ်ကျမ်းသည် ကမ္ဘာဦး ၆:၉–၁၁:၉ ၏အကြောင်းအရာများအပေါ် ခရစ်တော်၏ပထမဆုံးကြွလာခြင်းနှင့် ရိုးရှင်းစွာဆက်စပ်နေခြင်းမဟုတ်ပါ။ ၎င်းတို့သည် ယခုကျွန်ုပ်တို့အသက်ရှင်သည့်အချိန်ကာလ၊ နိုင်ငံတော်၏ဆက်လက်တည်မြဲခြင်းနှင့်လည်း သက်ဆိုင်ပါသည်။

# ဆက်လက်တည်မြဲခြင်း

ဓမ္မသစ်ကျမ်းသည် မောရှေ၏ခေတ်ဦးသမိုင်း၏ နောက်ဆုံးအခန်းများနှင့်သက်ဆိုင်သည့် ခရစ်တော်၏ပထမနှင့် ဒုတိယကြွလာချိန်ကြားအချိန်ကို အနည်းဆုံးနည်းလမ်းနှစ်ခုဖြင့် ဖော်ပြသည်။ ဤရှုထောင့်များသည် ခရစ်ယာန်အသက်တာတွင် နှစ်ခြင်းခံခြင်းနှင့် ဝိညာဉ်ရေးစစ်ပွဲများ၏ အရေးပါမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ဤခေတ်ကာလတွင် ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာတွင် အသက်ရှင်နေသည်နှင့်အမျှ၊ နောဧ၏ရေလွှမ်းမိုးခြင်း၏အရေးပါမှုနှင့် ထိုရေလွှမ်းမိုးမှုနောက်တွင် ဖွဲ့စည်းထားသောအသစ်သောအစီအစဉ်နှင့် ထိတွေ့ဆက်ဆံလာသည်။

## ဗတ္တိဇံ

အထူးသဖြင့် ဓမ္မသစ်ကျမ်းပိုဒ်တစ်ပိုဒ်သည် နောဧခေတ်ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ခြင်းနှင့် ပတ်သက်၍ ဗတ္တိဇံကိုရည်ညွှန်းဖော်ပြသည်။ ၁ ပေတရု ၃:၂၀-၂၂ တွင် တမန်တော်ပေတရုရေးသားခဲ့ သည်ကို နားထောင်ပါ_

> ထိုဝိညာဉ်တို့မူကား ရှေးကာလ၊ နောလေက်ထက်၌၊ နည်းသောသူတည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့် ကယ်ဆယ်သောသင်္ဘောကို တည်လုပ်စဉ်တွင်၊ ဘုရားသခင်၏ ခန္တီတော်သည်ဆိုင်းလင့်တော်မူ သော်လည်း၊ နားမထောင်သောဝိညာဉ် ဖြစ်သတည်း။ ထိုသို့သော ဥပမာအတိုင်း၊ ယခုတွင်ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့်၊ ငါတို့ကို ကယ်တင်တတ်၏။— ကိုယ်ကာယ၏ အညစ်အကြေးဆေးကြောခြင်းကို မဆိုလို။ ကိုယ်ကို ကိုယ်သိသောစိတ်ကြည်လင်၍၊ ဘုရားသခင့်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသတည်း။ ထိုသခင်သည် ကောင်းကင်ဘုံသို့ ကြွတော်မူသည်ဖြစ်၍၊ ကောင်းကင်တမန်အစရှိသော အာဏာစက် တန်ခိုးများတို့ကို အုပ်စိုးလျက်၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရှိတော်မူ၏ (၁ ပေတရု ၃:၂၀-၂၂)။

ဤထူးခြားသောကျမ်းပိုဒ်တွင်၊ ပေတရုသည် နောဧခေတ် ရေလွှမ်းမိုးမှုတွင် နိုင်ငံတော်ဆက်လက်တည်ရှိနေချိန်အတွင်း လူတိုင်း၏ကယ်တင်ခြင်းအတွေ့အကြုံကို တိုက်ရိုက်ချိတ်ဆက်ပေးသည်။ နောဧနှင့် သူ၏မိသားစုသည် ရေထဲမှကယ်တင်ခံရကြောင်းကို သူသည်စတင်သတိပြုမိခဲ့သည်။ ရေထဲမှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ကယ်တင်ခြင်းသည် လူသားများကို အသစ်သောကောင်းကြီးမင်္ဂလာကမ္ဘာသို့ ဝင်ရောက်ရန် လမ်းဖွင့်ပေးခဲ့သည်။

သို့သော် ပေတရုသည် နှစ်ခြင်းခံခြင်းအပေါ် အာရုံစိုက်ခြင်းဖြင့် နောဧ၏ရေလွှမ်းမိုးခြင်းနှင့် ခရစ်ယာန်အသက်တာကြား တိုက်ရိုက်ဆက်နွယ်မှုကို ဖော်ပြကြောင်းလည်း သတိပြုမိသည်။ နောဧ ခေတ်ရှိရေသည် ခရစ်ယာန်ဗတ္တိဇံ၏ရေကိုပုံဆောင်သည် သို့မဟုတ် ကြိုတင်မျှော်မှန်းထားကြောင်း သူဆိုသည်။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ နောဧခေတ်၏ရေသည် ကြောက်မက် ဖွယ်ကောင်းသောအကျင့်ပျက်ခြစားမှုကမ္ဘာကို သန့်စင်စေခြင်းနှင့် အသစ်တစ်ခုစတင်ရန်လမ်းဖွင့်ပေး ပြီး၊ မောရှေသည် ပင်လယ်နီကိုဖြတ်၍ အီဂျစ်ပြည်၏အာဏာစက်ကိုဖယ်ရှားကာ ဣသရေလလူမျိုး အတွက် အစပြုမှုအသစ်တစ်ခုအဖြစ် စတင်ရန်လမ်းဖွင့်ပေးခဲ့သည်။ အလားတူပင်၊ ဗတ္တိဇံရေသည် ယုံကြည်သူများ၏အပြစ်များကို သန့်စင်စေပြီး ခရစ်တော်၌ ထာဝရအသက်၏အစကို သူတို့အား ပေးသည်။

၁ ပေတရု ၃:၂၁ တွင် ဗတ္တိဇံသည် ဘုရားသခင်အပေါ် ကောင်းသောသြတ္တပ္ပစိတ်၏ ကတိကဝတ် ဖြစ်သည်ဟူသော အဓိပ္ပာယ်ဖြင့်သာ ကယ်တင်ခြင်းဖြစ်ကြောင်း ဖော်ပြသည်ကို ကျွန်ုပ်တို့ ဂရုတစိုက် မှတ်သားထားရမည်ဖြစ်သည်။ တစ်နည်းဆိုရသော်၊ ဗတ္တိဇံခံချိန်ရေဖြင့်ဆေးကြောရုံမျှဖြင့် မည်သူ့ကိုမှ မကယ်တင်နိုင်ပါ။ ၎င်းအစား၊ ဗတ္တိဇံသည် ခွင့်လွှတ်ခြင်းခံရသောနှလုံးသား၏ ကတိကဝတ်နှင့် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အပြစ်မှ ကင်းစင်ကာ ၎င်းသည်ကယ်တင်ခြင်း၏ သင်္ကေတဖြစ် သည်။ ထို့ကြောင့် ကယ်တင်ခြင်းအတွက်ယုံကြည်သည့် လူတစ်ဦးသည် ခရစ်တော်ထံသို့ရောက်လာ တိုင်း နောဧခေတ်တွင် ရေလွှမ်းမိုးမှုမှလွတ်မြောက်ခြင်းကို ဓမ္မသစ်ကျမ်းသည်ကျင့်သုံးပြီး၊ နောဧသည် ရေလွှမ်းမိုးခြင်းအားဖြတ်ကျော်၍ ကမ္ဘာသစ်သို့ ပို့ဆောင်ခံရသကဲ့သို့ သူ သို့မဟုတ် သူမသည် သန့်ရှင်း သောရေဖြင့်နှစ်ခြင်းခံကာ ဘဝသစ်သို့ ခေါ်ဆောင်ခြင်းခံရသည်။

## ဝိညာဉ်ရေးရာစစ်ပွဲ

သို့သော် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ နောဧခေတ်၏ရေသည် လူသားများကို သန့်ရှင်းသော စစ်ပွဲထဲသို့ ပို့ဆောင်ခဲ့ကြောင်း မောရှေ၏ရှေးဦးသမိုင်းသည် ဖော်ပြသည်။ ခါနာန်ပြည်ကိုသိမ်းပိုက်ခြင်း ဖြင့် ဤအသစ်သောအစီအစဉ်ကိုလိုက်နာရန် ဣသရေလအားတိုက်တွန်းရန် ဤအချက်ကို မောရှေ သည်မူလကအာရုံစိုက်ခဲ့သည်။ အလားတူပုံစံဖြင့်၊ ၎င်းသည်ယုံကြည်သူတိုင်းရင်ဆိုင်နေရသော ဝိညာဉ် ရေးရာစစ်ပွဲကို ဖော်ပြသကဲ့သို့ နိုင်ငံတော်၏ဆက်လက်တည်မြဲခြင်းတွင် ဤသွန်သင်ချက်ကို ဓမ္မသစ် ကျမ်းသည်ကျင့်သုံးသည်။ ရောမ ၆:၁၁-၁၂ တွင် ပေါလုတင်ပြပုံကို နားထောင်ပါ_

> မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည့်အကြောင်း
> ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။
> အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့်
> ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်၎င်း၊
> အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မင်းတို့နှင့်ငှင်း၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်ငှင်း
> ဆိုင်ပြိုင်တိုက်လှန်ရကြ၏ (ဖေက် ၆း၁၁-၁၂)။

ဤနေရာနှင့် အခြားသောဓမ္မသစ်ကျမ်းပိုဒ်များသည် ယနေ့ခရစ်ယာန်များသည် နတ်ဆိုးတို့နှင့် စစ်တိုက်နေကြောင်း ရှင်းလင်းစွာ သွန်သင်ထားပါသည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ၊ မောရှေနောက် လိုက်သော ဣသရေလလူများသည် ခါနာန်ပြည်ကို သိမ်းပိုက်အောင်နိုင်ခြင်းမှရှောင်ရှားရန် ကြိုးစားခဲ့ကြ သကဲ့သို့ ယနေ့ခရစ်ယာန်များစွာသည် သူတို့၏ဝိညာဉ်ရေးအသက်တာ၏ ဤအတိုင်းအတာကို လက်ခံ ယုံကြည်ရန် ပျက်ကွက်ကြသည်။ သို့သော် ဓမ္မသစ်ကျမ်း၏ အမြင်သည်ရှင်းပါသည်။ ကျွန်ုပ်တို့သည် ဤ ဝိညာဉ်ရေးရာတိုက်ပွဲတွင် ပါဝင်ရမည်ဖြစ်သည်။ ဖေက် ၆း၁၃ တွင် ပေါလုပြောခဲ့သည့်အတိုင်း–

> ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊
> ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူ
> သော လက်နက်စုံကိုယူဆောင်ကြလော့ (ဖေက် ၆း၁၃)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ပါက၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးစစ်ပွဲ တွင် အောင်ပွဲခံနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နောဧ၏ကယ်တင်ခြင်းသည် ရေလွှမ်းမိုးခြင်းအားဖြတ်ကျော်၍ ကျွန်ုပ်တို့၏ကယ် တင်ခြင်းသည် နှစ်ခြင်းခံခြင်းအားဖြတ်ကျော်သည်ကို ဓမ္မသစ်ကျမ်းသည်ချိတ်ဆက်ပေးသည်ကို တွေ့မြင်ရသည်။ ရှေးခေတ်ကမ္ဘာကို စစ်မက်အဖြစ် ပို့ဆောင်သကဲ့သို့၊ ခရစ်ယာန်ဗတ္တိဇံသည် ကျွန်ုပ်တို့ ၏အသက်တာ၏နေ့စဉ်ဝိညာဉ်ရေးစစ်ပွဲတွင်ပါဝင်ရန် ပို့ဆောင်ပေးသည်ဟုလည်း သွန်သင်ပါသည်။

# ပြီးပြည့်စုံခြင်း

ဓမ္မသစ်ကျမ်းသည် နိုင်ငံတော်၏အစပြုတည်ဆောက်ခြင်းနှင့် ဆက်လက်တည်မြဲခြင်းတွင် ရှေးဦးခေတ်သမိုင်း၏ နောက်ဆုံးအခန်းများကိုကျင့်သုံးပုံအရ၊ နိုင်ငံတော်၏ပြီးပြည့်စုံခြင်းသည် နောဧ၏ ရေလွှမ်းမိုးမှုနှင့် ရှေးဦးအစီအစဉ်သစ်၏စစ်ပွဲများတွင်လည်း ဖော်ပြထားသည်ကို တွေ့ရှိရခြင်းသည် အံ့သြစရာမဟုတ်ပါ။

## နောက်ဆုံးကပ်ဆိုးကြီး

ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်၏ဘုန်းအသရေဖြင့် ပြန်လည်ကြွလာခြင်းကို နောက် ဆုံးသောတိုက်ပွဲနှင့် နောက်ဆုံးကပ်ဆိုးကြီးအဖြစ် ဖော်ပြခြင်းဖြင့် ဤဆက်စပ်မှုများကို ပြုလုပ်ခဲ့ကြ သည်။ ၂ ပေတရု ၃ တွင် ခရစ်တော်၏ဘုန်းအသရေဖြင့် ကြွလာတော်မူခြင်းနှင့်အတူ နောဧ၏ ထင်ရှား သောရေလွှမ်းမိုးခြင်းဆိုင်ရာ တိကျပြတ်သားသော ဆက်စပ်မှုကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ ပေတရုသည် အခန်းငယ် ၃-၆ တွင် သူ၏ဆွေးနွေးချက်ကို စတင်ပုံအား နားထောင်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရှေ့ဦးစွာ သိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌
> ပြက်ယယ်ပြုတတ်သော သူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍၊
> သခင်ဘုရားကြွလာမည်ဟူသော ဂတိတော် သည် အဘယ်မှာ ရှိသနည်း။
> ဘိုးဘေးများ အိပ်ပျော် သည်နောက်၊ ခပ်သိမ်းသော အရာတို့သည် ဖန်ဆင်းစက
> ဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြလိမ့်မည်။ ရှေးကာလ၌မိုဃ်းကောင်းကင်ကိုင်ငင်း၊
> ရေထဲက ထွက်၍ရေဖြင့် တည်သောမြေကြီးကိုင်ငင်း၊ ဘုရားသခင်၏
> နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဘူးသောလောကဓာတ်ကို
> ထိုသို့အားဖြင့် ရေနှင့် လွှမ်းမြုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည်
> မှတ်မိချင်သောစိတ်မရှိကြ (၂ပေ ၃း၃-၆)။

ဤကျမ်းပိုဒ်တွင် ယေရှုပြန်လာမည်မဟုတ်ကြောင်း သက်သေအထောက်အထားအဖြစ် သဘာဝ တရား၏တူညီမှုကို ညွှန်ပြသော မထီမဲ့မြင်ပြုသူများကို ပေတရုသည်တည့်မတ်ပေးခဲ့သည်။ ဖန်ဆင်းချိန် မှစ၍ အရာအားလုံးသည် တစ်သမတ်တည်းတစ်ပြေးညီဖြစ်နေသည်ဟု သူတို့ယုံကြည်ကြသည်။ အစ အဦး၌ ဘုရားသခင် ဖန်ဆင်းထားသည့်အတိုင်း ကမ္ဘာကြီးကို မည်သည့်အရာကမျှ မနှောင့်ယှက်ခဲ့ဖူးပါ။ မည်သည့်အရာမှ မပြောင်းလဲခဲ့သည့်အတွက် မည်သည့်အရာမှ ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။

သို့သော် ပေတရုသည် နောဧ၏ရေလွှမ်းမိုးခြင်းမှတ်တမ်းကို အခြားနည်းဖြင့်သက်သေပြရန် မေတ္တာရပ်ခံခဲ့သည်။ ဘုရားသခင်သည် ကမ္ဘာကို အစအဦး၌ ရေထဲမှ ဖန်ဆင်းခဲ့သော်လည်း၊ နောဧ လက်ထက်တွင် ကမ္ဘာကြီးသည် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားခဲ့သည်။ ကမ္ဘာ့သမိုင်းတွင် ကြီးမား သည့် ကပ်ဆိုးကြီးတစ်ခု ပေါ်ပေါက်ခဲ့ပါသည်။ နောဧလက်ထက်တွင် ဘုရားသခင်သည် ကမ္ဘာကို ကြားဝင်ကာဖျက်ဆီးခဲ့သည်။ ၂ ပေတရု ၃:၇ တွင် ပေတရု၏နိဂုံးချုပ်ချက်ကို နားထောင်ပါ_

> ယခုရှိသော မိုဃ်းကောင်းကင်နှင့်မြေကြီးမူကား၊ တရားဆုံးဖြတ်၍
> အဓမ္မလူတို့ကို ဖျက်ဆီးသော နေ့ရက်တိုင်အောင်၊ ထိုနှုတ်ကပတ် တော်အားဖြင့်
> သိုထားလျက် ရှိ၍၊ မီးရှို့ခြင်းအဘို့အလိုငှါ နေရစ်သတည်း (၂ ပေတရု ၃:၇)။

ရိုးရှင်းစွာပြောရလျှင်၊ ရေလွှမ်းမိုးမှုအားဖြင့် ရှေးခေတ်ကမ္ဘာကြီး ဆုံးခန်းတိုင်သွားသည်နှင့်အမျှ၊ ခရစ်တော်ပြန်ကြွလာသောအခါ ပစ္စုပ္ပန်ကောင်းကင်နှင့်မြေကြီးသည် တရားစီရင်ခြင်းခံရပြီး ကုန်ဆုံး သွားမည်ဖြစ်ကြောင်း ပေတရုဖော်ပြခဲ့သည်။ သေချာသည်မှာ၊ ဤတစ်ကြိမ်တွင်၊ တရားစီရင်ခြင်းသည် ရေဖြင့်မဟုတ်ဘဲ မီးဖြင့် လာလိမ့်မည်၊ သို့သော် ဘုရားသခင်သည် ကမ္ဘာပေါ် ရှိ အပြစ်များကို နောက်ဆုံး အကြိမ်အဖြစ် ဆန့်ကျင်ဘက်ပြုရန် ဆုံးဖြတ်သောအခါ၊ ၎င်းသည် ရှေးဦးကာလ ရေလွှမ်းမိုးခြင်း၌ ဖြစ် သကဲ့သို့ ကြီးစွာသော စကြာဝဠာပျက်စီးခြင်းသို့ ရောက်လိမ့်မည်။

ဤနည်းအားဖြင့်၊ နောဧ၏ရေလွှမ်းမိုးခြင်း၏ဝေါဟာရအရ ခရစ်တော်ပြန်ကြွလာခြင်းကို ရှုမြင် ရန် ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့ကို သွန်သင်ပေးသည်။ နောဧလက်ထက်တွင်၊ ကြီးမားသောစကြာဝဠာ မငြိမ်မသက်ဖြစ်မှုတစ်ခုကြောင့် မတရားသောသူများသည် တရားစီရင်ခံရပြီး မြေကြီးမှဖယ်ရှားခြင်း

ခံခဲ့ရသည်။ သာ၍ကြီးကျယ်သောနည်းဖြင့်၊ ခရစ်တော်သည် ဘုန်းတော်အားဖြင့် ကြွလာသောအခါ၊ ကျွန်ုပ်တို့သိသည်အတိုင်း ကမ္ဘာကြီးကို လုံးဝ အနှောင့်အယှက်ဖြစ်စေမည့် ကပ်ဆိုးကြီးတစ်ခု ရှိလိမ့်မည်ဖြစ်သည်။ ဆိုးညစ်သောသူတို့သည် မြေကြီးပေါ်မှဖယ်ရှားခံရပြီး၊ ခရစ်တော်နောက်လိုက်သူအားလုံးသည် ကြီးကျယ်ပြီး ထာဝရကောင်းကင်သစ်နှင့် မြေကြီးသစ်သို့ ပို့ဆောင်ခံရမည်ဖြစ်သည်။

## နောက်ဆုံးတိုက်ပွဲ

သို့သော် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ရှေးဦးသမိုင်းတွင် နောဧ၏ရေလွှမ်းမိုးမှုသည် ဘုရားသခင်၏လူများနှင့် ဘုရားသခင်၏ရန်သူများကြားတွင် ပဋိပက္ခနှင့်စစ်ပွဲ တို့နှင့်အတူပါရှိခဲ့သည်။ ဤဆက်စပ်မှုနှင့်အညီ၊ ဓမ္မသစ်ကျမ်းတွင် ခရစ်တော်၏ပြန်ကြွလာခြင်းကို နောက်ဆုံးစကြာဝဠာတိုက်ပွဲအဖြစ် ဖော်ပြသည်။ ဗျာဒိတ် ၁၉:၁၁-၁၆ တွင် ခရစ်တော်ပြန်ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ တမန်တော်ယောဟန်ဖော်ပြချက်ကို နားထောင်ပါ_

> ထိုအခါ ကောင်းကင်ဘုံ ဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင်၊ မြင်းဖြူရှိ၏။ မြင်းစီးသော သူသည် သစ္စာ ဟူသောမည်၊ သမ္မာဟူသော အမည်ရှိသတည်း။ ထိုသူ သည် တရားသဖြင့် စီရင်တတ်၏။ တရားသဖြင့် စစ်တိုက်တတ်၏။ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်း တော်ပေါ်၌ သရဖူများကို ဆောင်း၏။ ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှမသိသော နာမတော်သည် ရေးထားလျက် ရှိ၏။ အသွေး၌နှစ်ပြီးသောအဝတ်ကို ဝတ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကို စီးလျက်၊ စင်ကြယ်သောပိတ်ချောဖြူကို ဝတ်လျက်၊ နောက်တော်သို့ လိုက်ကြ၏။ လူမျိုးတို့ကို ဒဏ်ခတ်စရာဘို့၊ ထက်သော သန်လျင်သည် ခံတွင်းတော်ထဲကထွက်၏။ သူတို့ကို သံလှံတံနှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ ဒေါသအမျက်တော် ၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမ တော်သည် အဝတ်တော်၌၎င်း၊ ပေါင်တော်၌၎င်း ရေးထားလျက်ရှိ၏ (ဗျာဒိတ် ၁၉:၁၁-၁၆)။

ဗျာဒိတ်ရူပါရုံ၏ အံ့မခန်းဘာသာစကားဖြင့်၊ ခရစ်တော်ပြန်ကြွလာခြင်းသည် ခရစ်တော်ကိုယ်တော်တိုင် ထွက်ပေါ်လာပြီး ကိုယ်တော်၏ရန်သူအားလုံးကို ဖျက်ဆီးမည့် ကမ္ဘာ့ချီတိုက်ပွဲဖြစ်မည်ဟု ယောဟန် ကြေညာခဲ့သည်။ ကယ်တင်ခြင်းအတွက် ခရစ်တော်ကိုယုံကြည်ကိုးစားသော ထာဝရအောင်မြင်ခြင်း၏ဘုန်းတော်သည် ရောက်ရှိလာလိမ့်မည်၊ သို့သော် ကိုယ်တော်ကိုငြင်းပယ်သောသူတို့အပေါ်၌ တရားစီရင်ခြင်းနှင့် ပျက်စီးခြင်းတို့သည် ကျရောက်လိမ့်မည်။

ထို့ကြောင့် ခရစ်တော်၏နိုင်ငံတော်ပြီးပြည့်စုံခြင်းအဖြစ် နတ်ဆိုးတို့ကို အနိုင်ယူခြင်း၏ အဆုံးစွန်သော အတွေ့အကြုံအဖြစ် ဓမ္မသစ်ကျမ်းသည် ဖော်ပြထားသည်ကို တွေ့မြင်ရသည်။ ဘုရားသခင်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရန်သူအားလုံးကို ဆန့်ကျင်၍ မိမိ၏နိုင်ငံကို တည်ထောင်ရန် စိတ်ပိုင်းဖြတ်ထားဆဲဖြစ်သည်။ ခရစ်တော်သည် ဘုန်းတော်ဖြင့် ပြန်လည်ကြွလာသောအခါ၊ ဤဘုရားသခင့်ရည်ရွယ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ဆိုးညစ်သူများသည် ဖျက်ဆီးခံရပြီး ခရစ်တော်၌ရှိသော ဘုရားသခင်၏လူများသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ထာဝရအောင်ပွဲနှင့် ငြိမ်သက်ခြင်းကို ခံစားကြပါလိမ့်မည်။

# နိဂုံး

ဤသင်ခန်းစာတွင် ကမ္ဘာဦး ၆:၉–၁၁:၉ ကို ကျွန်ုပ်တို့ လေ့လာထားပါသည်။ သမ္မာကျမ်းစာ၏ ဤအပိုင်းတွင်၊ မောရှေသည် ဣသရေလလူတို့အား ကတိတော်ပြည်သို့ပို့ဆောင်ရာတွင် မှန်ကန်သော လမ်းညွှန်ချက်ကို ဖော်ပြခဲ့သည်။ ဤအခန်းကြီးများ၏ စာပေဖွဲ့စည်းပုံနှင့် ခါနန်ပြည်ကို သိမ်းပိုက်ခြင်းဆီသို့ ယုံကြည်မှုအပြည့်ဖြင့် ရှေ့သို့ချီတက်ရန် ဣသရေလလူမျိုးအား မောရှေသည် ၎င်းတို့ကို မည်ကဲ့သို့ ပုံဖော်ထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဓမ္မသစ်ကျမ်းသည် ဤအကြောင်းအရာများကို ခရစ်တော်၏နိုင်ငံတော် အဆင့်သုံးဆင့်တွင် မည်သို့ကျင့်သုံးသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ကျွန်ုပ်တို့သည် ဤပြိုလဲနေသောကမ္ဘာတွင် ခရစ်တော်အတွက် အသက်ရှင်နေထိုင်ရန် ရုန်းကန်မှုများနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရသည့်အခါ၊ ရှေးကာလ၌ ဣသရေလလူတို့အား မောရှေပေးခဲ့သော သတင်းစကားကို နှလုံးသွင်းရမည်ဖြစ်သည်။ ဘုရားသခင်သည်နောအားဖြင့် ရှေးဦးကမ္ဘာကို ကယ်နှုတ်တော်မူသကဲ့သို့၊ ကျွန်ုပ်တို့အား ခရစ်တော်အားဖြင့် အပြစ်၏အာဏာစက်မှ ကယ်လွှတ်ခဲ့သည်။ သို့သော် ခရစ်တော်သည် သူ၏လူတို့အား အပြီးသတ်အောင်ပွဲခံစေမည့်နေ့ကို ကျွန်ုပ်တို့စောင့်မျှော်နေစဉ်၊ ပဋိပက္ခနှင့် ရုန်းကန်ရမည့် လိုအပ်သည့်ကာလတစ်ခု၏ လမ်းကြောင်းပေါ်တွင် ကျွန်ုပ်တို့ကို ထားတော်မူသည်။ ကျွန်ုပ်တို့နေထိုင်သည့်ကမ္ဘာသည် ပြီးပြည့်စုံခြင်းမရှိသေးကြောင်း ထိုအချိန်အထိတိုင် ကျွန်ုပ်တို့သိထားသော်လည်း၊ ခရစ်တော်နောက်လိုက်ခြင်းသည် လောကအတွက် ကိုယ်တော်၏ဝိညာဉ်ရေးတိုက်ပွဲတွင် မှန်ကန်သောဦးတည်ရာသို့သွားနေခြင်းဖြစ်သည်ကို ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။